မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်၊ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၂၂ ရက်၊ အင်္ဂါနေ့၊ အတွဲ (၄၂)၊ အမှတ် (၁၄၅)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပ

စီမံခန့်ခွဲရေးကဏ္ဍ၊ တရားစီရင်ရေးကဏ္ဍ၊ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး ဥပဒေများ၏အကျိုးသက်ရောက်မှု၊ အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းများ သဘာပတိအဖွဲ့၏စုစည်းတင်ပြချက်ကို အလှည့်ကျသဘာပတိအဖွဲ့က ဆက်လက်ရှင်းလင်းတင်ပြ

အမျိုးသားညီလာခံ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို အလှည့်ကျသဘာပတိအဖွဲ့က ဆက်လက်ရှင်းလင်းတင်ပြကြသည်။

အဆိုပါ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲ မှုကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ၊ တိုင်းရင်းသားစည်းလုံး ညီညွတ်ရေးပါတီ၊ ပြည်ထောင်စု ကရင်အမျိုးသားများ အဖွဲ့ချုပ်၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူ အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီနှင့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊

စာမျက်နှာ ၈ ကော်လံ ၁ ●

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးထွန်းရင်လောက စီမံခန့်ခွဲရေးကဏ္ဍနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင် အဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှု ကော်မတီ ဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

22-2 (01).p65 1 3/27/05, 6:28 PM

မြန်မာ့အလင်း အယ်ဒီတာ့ အာဘော်

(၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်)

စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ပေါ်ထွန်းရေး ထက်သန်သော အမျိုးသားရေးစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီးအဖြစ် ပေါ်ထွန်းလာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိသည်။

ယင်းကဲ့သို့ ဒီမိုကရေစီနိုင်ငံတော်သို့ ကူးပြောင်းရာ၌ အဆင့်တိုင်းအဆင့်တိုင်း အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် တည့်မတ်ခိုင်မာစွာ ဖြစ်ထွန်းနေစေရန်အတွက် နိုင်ငံသူနိုင်ငံသား ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများ၏ အသိတရားဖြင့်ယှဉ်သည့် မှန်ကန်သော ပူးပေါင်းဆောင်ရွက်မှုများ လိုအပ်ပေသည်။

အမျိုးသားရေး လမ်းကြောင်းမှန်ပေါ်တွင် လျှောက်လှမ်းရာ၌ နိုင်ငံသူနိုင်ငံသားများ၏ ပူးပေါင်းပါဝင်မှုနှင့် နိုင်ငံ့ဝန်ထမ်းများ၏ ရှေ့ဆောင်ရှေ့ရွက် ဆောင်ရွက်မှုများသည် အရေးကြီးသော အခန်းကဏ္ဍက ပါဝင်လျက် ရှိသည်။ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် သက်ဆိုင်ရာဌာန၏ ပင်မတာဝန်ဝတ္တရားများ၊ ကိုယ်စီတာဝန်ခံရသည့် တာဝန်ဝတ္တရားများနှင့် နိုင်ငံတော်၏ ပကတိလိုအပ်ချက်က တောင်းဆိုလာသည့် အမျိုးသားရေးတာဝန်များကို နားလည်သဘောပေါက်ပြီး မိမိတို့၏တာဝန်များကို ကျေပွန်စွာဖြင့် မဆုတ်မနစ် ကြိုးပမ်းထမ်းဆောင်ကြရမည် ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်၏ ဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကျင့်သုံးတတ်သည့် စိတ်ဓာတ်၊ မိမိတို့၏ သက်ဆိုင်ရာဌာန၏ စည်းမျဉ်း၊ စည်းကမ်းနှင့် ဝန်ထမ်းကျင့်ဝတ်များကို လေးစားလိုက်နာတတ်သည့် စိတ်ဓာတ်၊ စာရိတ္တနှင့် ကိုယ်ကျင့်တရား မြဲမြံစွာစောင့်ထိန်းတတ်သည့် စိတ်ဓာတ်ရေးရာများ မြင့်မားခိုင်ကျည်အောင် ကျင့်ကြံလုပ်ကိုင် ဆောင်ရွက်ကြရမည် ဖြစ်သည်။

နိုင်ငံသူနိုင်ငံသားများသည် နိုင်ငံကြီးသားပီသစွာ ပြုမူကျင့်ကြံနေထိုင်တတ်သည့် စိတ်ဓာတ်၊ နိုင်ငံသူနိုင်ငံသား တစ်ဦးချင်းထားရှိရမည့် တိုင်းချစ်ပြည်ချစ် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားရေး စိတ်ဓာတ်၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ အစဉ်ထာဝရ မြဲမြံခိုင်မာစေရန် စဉ်ဆက်မပြတ်နှလုံးသွင်း စောင့်ထိန်းကြရမည် ဖြစ်သည်။

ထို့အပြင် ယုံကြည်ချက်၊ ခံယူချက်အပိုင်းတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ သမိုင်းပေးသင်ခန်းစာများက ဖြစ်တည်လာသည့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို မမှိတ်မသုန် ယုံကြည်ခံယူထားကြရန် လိုအပ်ပေသည်။

အဆိုပါ အခြေခံ အရည်အသွေးကောင်းများ၊ ယုံကြည်ချက်၊ ခံယူချက်များဖြင့် နိုင်ငံတော်အစိုးရ၏ မှန်ကန်သော မူဝါဒများနှင့် အမျိုးသားရေး အကျိုးစီးပွားရေးရှုသည့် အပြုသဘောကြိုးပမ်း ဆောင်ရွက်မှုများတွင် ပူးပေါင်းပါဝင်ကြရမည် ဖြစ်သည်။ ထို့အပြင် အဖျက်အမှောင့်သမားများ၏ ပြည်သူ့အကျိုးစီးပွား ဆန့်ကျင်လုပ်ဆောင်မှုများကို တားဆီးတွန်းလှန်ရာတွင်လည်း ရပ်တည်ချက် ခိုင်မာတည်တံ့စွာဖြင့် ဆက်လက်ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

ယင်းကဲ့သို့ မှန်ကန်သော ရပ်တည်ချက်များကို အခိုင်အမာ တည်ဆောက်အကောင်အထည်ဖော်သကဲ့သို့ ရပ်ရွာဒေသဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးမှသည် ပြည်ထောင်စုကြီးတစ်ရပ်လုံး အရှိန်အဟုန်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် အမျိုးသားရေးတာဝန်များကိုလည်း ကျေပွန်စွာ ထမ်းဆောင်ကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ပေါ်ထွန်းလာရေးအတွက် နိုင်ငံသူနိုင်ငံသားများနှင့် ဝန်ထမ်းများသည် မှန်ကန်သည့် ယုံကြည်ချက်၊ ခံယူချက်၊ ထက်သန်ခိုင်မာသည့် အမျိုးသားရေးစိတ်ဓာတ်များဖြင့် ကျရာအခန်းကဏ္ဍက တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

နွေဦးပွဲတော် အားလပ်ရက်အတွင်း တရုတ်လူမျိုး ခြောက်သန်းကျော် ခရီးသွားခဲ့

ပေကျင်း ဖေဖော်ဝါရီ ၂၀

ယခုသီတင်းပတ် နွေဦးပွဲတော် အားလပ်ရက်အတွင်း တရုတ်နိုင်ငံ၏ နယ်စပ်များကိုဖြတ်ပြီး ခရီးသွားလာသူဦးရေ ခြောက်သန်းကျော်ရှိခဲ့ရာ နှစ်ချင်းအလိုက် ၁၂ ရာခိုင်နှုန်းမြင့်တက်လာကြောင်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက ကြာသပတေးနေ့၌ ပြောကြားသည်။

ဖေဖော်ဝါရီ ၈ ရက်မှ ၁၅ ရက်ထိ နယ်စပ်များကို ဖြတ်ကျော်ပျံသန်းသည့် လေကြောင်းခရီး ၅၀၀၀ ကျော်ရှိခဲ့ရာ ယခင်နှစ်ကထက် ၁၀ ရာခိုင်နှုန်းနီးပါး မြင့်တက်ခဲ့ကြောင်း အပြီးမသတ်သေးသည့် စာရင်းဇယားများအရ သိရသည်။ သင်္ဘော၊ ရထားနှင့်ဘတ်စ်ကားများဖြင့် ဝင်ထွက်သွားလာမှုများလည်း မြင့်တက်ခဲ့သည်ဟု ဆိုသည်။

အမြင့်ဆုံး

ရှစ်ရက်အတွင်း ရှန်ဇင်းဆိပ်ကမ်းတစ်ခုတည်းသို့ ဝင်ထွက်သွားလာသူ ၃ ဒသမ ၄၈ သန်းမျှရှိခဲ့ရာ နှစ်ချင်းအလိုက် ၂၁ ဒသမ ၅ ရာခိုင်နှုန်း မြင့်တက်ခဲ့သည်။ ဖေဖော်ဝါရီ ၁၁ ရက်၌ လာရောက်သူ အမြင့်ဆုံးဖြစ်ပြီး ၅၀၀၀၀၀ မျှရှိခဲ့သည်။

ဖြတ်ကျော်

တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ်ရှိ ဇူဟိုင်းမြို့ ကွန်ပေဆိပ်ကမ်းသည် နယ်စပ်ဖြတ်ကျော် ခရီးသွားသူ ၁ ဒသမ ၅၃ သန်းကျော်ရှိခဲ့ရာ နေ့စဉ်ပျမ်းမျှ ခရီးသည် ၂၀၀၀၀၀ အထိ ရှိသည်ဟု ဆိုသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု ကန့်သတ်သည့်စာချုပ် ဖွံ့ဖြိုးပြီးနိုင်ငံများ အမြန်ဆုံးထောက်ခံအတည်ပြုရန် တရုတ်တိုက်တွန်း

ပေကျင်း ဖေဖော်ဝါရီ ၂၀

ကျိုတိုသဘောတူစာချုပ်ကို အမြန်ဆုံးထောက်ခံအတည်ပြုကြရန် ဖွံ့ဖြိုးပြီးနိုင်ငံများအား တရုတ်နိုင်ငံက တိုက်တွန်းလိုက်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောခွင့်ရှိသူ ကွန်ကွမ်က ပေကျင်းမြို့၌ ကြာသပတေးနေ့က ပြောကြားသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ (ဂရီအိပ်ချ်ဂျီ) ထုတ်လွှတ်မှုကို ကန့်သတ်သော ကျိုတို သဘောတူစာချုပ်သည် ဖေဖော်ဝါရီ ၁၆ ရက်၌ အကျိုးသက်ရောက်ခဲ့သည်။

အရေးကြီးစာချုပ်

ယင်းစာချုပ်သည် ရာသီဥတုပြောင်းလဲမှုများကို ဖြေရှင်းပေးမည့် အရေးကြီးသော စာချုပ်ဖြစ်သည့်ပြင် တရားဥပဒေကြောင်းအရ အခြေခံလည်း ဖြစ်ကြောင်း၊ ထိုစာချုပ်ကို ဖွံ့ဖြိုးပြီးနိုင်ငံများ အမြန်ဆုံးသဘောတူထောက်ခံစေလိုကြောင်း ပုံမှန်လုပ်နေကျ သတင်းစာရှင်းပွဲ၌ မစ္စတာကွန်က ပြောကြားသည်။

ကြိုဆို

ကမ္ဘာတွင် အကြီးမားဆုံး ဖွံ့ဖြိုးဆဲ နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ယင်းစာချုပ်ကို ကြိုဆိုကြောင်း၊ မကြာသေးမီ ဆယ်စုနှစ်များ အတွင်း၌ ဂရီအိပ်ချ်ဂျီထုတ်လွှတ်မှုကို တရုတ်နိုင်ငံက တက်ကြွစွာ လုပ်ဆောင်ခဲ့ကြောင်း မစ္စတာကွန်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုတိုက်ဖျက်ရေး ကနေဒါနိုင်ငံငွေကြေးပိုမိုသုံးစွဲသွားမည်

အော့တဝါ ဖေဖော်ဝါရီ ၂၀

ကနေဒါအစိုးရသည် ကမ္ဘာကြီးပူနွေးလာမှုကို တိုက်ဖျက်ရန် လာမည့်ဘတ်ဂျက်တွင် ကနေဒါဒေါ်လာ ၆ဘီလီယံ (အမေရိကန် ဒေါ်လာ ၅ဘီလီယံ)သုံးစွဲရန် သတ်မှတ်လျာထားကြောင်း အစီရင်ခံစာတစ်ရပ်ကို အော့တဝါမြို့၌ သောကြာနေ့က ထုတ်ပြန်လိုက်သည်။

စီစဉ်ထား

ကနေဒါနိုင်ငံသည် ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု လျှော့ချရေး အစီ အစဉ်တစ်ရပ်နှင့်အတူ ကျိုတိုစာချုပ်ကို လိုက်နာဆောင်ရွက်ရန် စီစဉ်ထားကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ ခြောက်ရာခိုင်နှုန်း လျှော့ချနိုင်ရာမှ ၂၀၁၂ ခုနှစ်တွင် ၂၆ ရာခိုင်နှုန်းအထိ လျှော့ချရန် စီစဉ်ထားသည်။

မြင့်တက်ခဲ့

ကနေဒါနိုင်ငံသည် နှစ်စဉ် ဖန်လုံ အိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုမှာ ၁၉၉၇ ခုနှစ်တွင် ဖန်လုံအိမ်ဓာတ်ငွေ့ လျှော့ချရေး စာချုပ်ကို လက်မှတ် ရေးထိုးပြီးနောက် မြင့်တက်လျက် ရှိသည်။ ၁၉၉၉ ခုနှစ်တွင် ၃၀ ရာ ခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ

မြဝတီရုပ်မြင်သံကြား

၂၂-၂-၂၀၀၅ (အင်္ဂါနေ့) နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၇း၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၅ ၅။ အလွမ်းတေးပန်းချီချစ်သူဆီ
၄း၃၅ ၆။ ဆို၊က၊ရေး၊တီးပြိုင်ပွဲအစီအစဉ်
၄း၄၅ ၇။ မျိုးချစ်တပ်မတော်
၅း၀၀ ၈။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Slaves In Bagan (ဒုတိယနှစ်-သမိုင်းအထူးပြု)
၅း၃၀ ၉။ ပညာခေတ်
၅း၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ မိုးလေဝသသတင်း
၆း၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀ ၁၅။ လျှပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ငယ်ချစ်ဦး"** (အပိုင်း-၁၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၁၉။ မြန်မာ့ရှုခင်း
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"မြိုင်ဟေဝန်က သိုင်းလုလင်"** (အပိုင်း-၁)

တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ စစ်ရေးပြစစ်ကြောင်းကြီးများ တည်းခိုနေထိုင်သည့်စခန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် ယမန်နေ့မွန်းလွဲပိုင်းတွင် နှစ်(၆၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ကြောင်းကြီးများ တည်းခိုနေထိုင်သည့်စခန်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။

ရှေးဦးစွာ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေသည် မွန်းလွဲ ၁ နာရီခွဲတွင် အနော်ရထာစစ်ကြောင်း၊ ဘုရင့်နောင်စစ်ကြောင်းနှင့် အောင်ဇေယျစစ်ကြောင်းများ တည်းခိုနေထိုင်လျက်ရှိသည့် မရမ်းကုန်းမြို့နယ် ဘုရင့်နောင်လမ်းမကြီးပေါ်ရှိအမှတ်(၁)စစ်ကြောရေးနှင့် တည်းခိုရေးစခန်းသို့ ရောက်ရှိလာရာ ညွှန်ခန်းမဆောင်၌ အမှတ်(၁) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း တပ်မှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်က စစ်ကြောင်းများအလိုက် တည်းခိုဆောင်များနေရာချထားမှု၊ သက်သာချောင်ချိရေးအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ထို့နောက်ဘုရင့်နောင်စစ်ကြောင်း စစ်ကြောင်းမှူး ဗိုလ်မှူးကြီးခင်မောင်တူးက စစ်ရေးပြတပ်ခွဲများအလိုက် တည်းခိုဆောင်များနေရာချထားမှု၊ စစ်ရေးပြလေ့ကျင့်မှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်စိုး၊ နှစ်(၆၀)ပြည့် တပ်မတော်နေ့ ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမျိုးနိုင်၊ စစ်ရေးပြလုပ်ငန်းအဖွဲ့ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးမောင်ကျော်၊ စစ်ရေးပြစစ်ကြောင်းများမှ တပ်ရင်းမှူးများနှင့်တာဝန်ရှိသူများက လုပ်ငန်းကဏ္ဍများအလိုက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက နှစ်(၆၀)ပြည့်တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ရေးပြစစ်ကြောင်းများမှ အရာရှိစစ်သည်များ အဆင်ပြေစွာတည်းခိုနိုင်ရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် အခြားအုပ်ချုပ်မှုကိစ္စအဝဝ ပြည့်စုံကောင်းမွန်စေရေးစနစ်တကျ စီမံဆောင်ရွက်ကြရန်နှင့် စစ်ရေးပြအခမ်းအနားကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တာဝန်ရှိသူများက မိမိသက်ဆိုင်သည့် လုပ်ငန်းကဏ္ဍများအလိုက် ပူးပေါင်းဆောင်ရွက်ကြရန် မှာကြားပြီးတင်ပြချက်များနှင့်ပတ်သက်၍ လိုအပ်သည်များဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေးစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေနှင့် အဖွဲ့ဝင်များသည် နဝဒေး စစ်ကြောင်း တည်းခိုနေထိုင်လျက်ရှိသည့် ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ ရေဝတီရေတပ်စခန်းဌာနချုပ်သို့ ရောက်ရှိလာရာ ညွှန်ခန်းမဆောင်၌ စစ်ကြောင်းမှူး ဗိုလ်မှူးကြီးအောင်ဇော်ဝင်းနှင့် တာဝန်ရှိသူများက စစ်ရေးပြတပ်ခွဲများအလိုက် အိပ်ဆောင်များနေရာချထားမှု၊ စစ်ရေးပြစစ်ကြောင်း၊ တပ်ခွဲများဖွဲ့စည်းထားရှိမှု၊ သက်သာချောင်ချိရေးအရောင်းဆိုင်များ ဖွင့်လှစ်ထားရှိမှုနှင့် စစ်ရေးပြလေ့ကျင့်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရေဝတီရေတပ်စခန်းဌာနချုပ်မှူး ဗိုလ်မှူးချုပ်မော်သိန်းက စစ်ရေးပြစစ်ကြောင်းမှအရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များအဆင်ပြေစွာတည်းခိုလေ့ကျင့်နိုင်ရေးအတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ယင်းနောက် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေနှင့်အဖွဲ့ဝင်များသည် စစ်ရေးပြတပ်ခွဲများအလိုက် အိပ်ဆောင်များ၊ စားရိပ်သာများ၊ မီးဖိုဆောင်နှင့်ရေအိမ်တို့ကိုလည်းကောင်း၊ သက်သာချောင်ချိရေးအရောင်းဆိုင်များ၊ နဝဒေး စစ်ကြောင်း ဆက်ဆံရေးစခန်း၌ စစ်ရေးပြစစ်ကြောင်းမှ အရာရှိ၊အရာခံ၊ အကြပ် စစ်သည်များ လေ့လာဖတ်ရှုနိုင်ရန် မှတ်တမ်းဓာတ်ပုံများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ စာစောင်များ၊ မဂ္ဂဇင်းနှင့်ဂျာနယ်များ၊ စာအုပ်စာတမ်းများပြသထားရှိမှုနှင့် စာအုပ်အရောင်းဆိုင်ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နှစ်(၆၀)ပြည့် တပ်မတော်နေ့ကျင်းပရေး စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ နှစ်(၆၀)ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင် ပါဝင်ချီတက်ကြမည့် စစ်ကြောင်းကြီးများ တည်းခိုနေထိုင်သည့်စခန်းများအား သွားရောက်ကြည့်ရှုစစ်ဆေးစဉ်။ (ရန်ကုန်တိုင်း)

စုစည်းမှု

* နိမ့်တုံမြင့်တုံ၊ လှိုင်း၏ပုံသို့
စုံမြိုင်ခြိုလွှမ်း၊ တောင်စဉ်တန်းတည့်
စိမ့်စမ်းရစ်ခွေ၊ သာမောပေစွ
ရွှေ ငွေ ပင်ယှက်၊ မြေဆီညက်၍
တွင်းထွက်စုံစွာ၊ တောင်သေလာကို
ဒေဝါနတ်ပင်၊ စုတ်ချက်တင်လည်း
တင်သည့်စုတ်ချက်၊ သည်တစ်ကွက်ထဲ
အသက်မဝင် နိုင်ပါသေး။

* ညီညာပြန့်ပြန့်၊ သင်ဖြူဖြန့်သို့
မြေပြန့်လွင်ပြင်၊ ရပ်ဝန်းပင်တည့်
ရေလျှဉ်ဖြတ်ဆင်း၊ ရွှေမည်းတွင်းနှင့်
မြစ်မင်းစုန်ဆန်၊ ဆည်တမံနှင့်
ကျောင်းကန်ဘုရား၊ လမ်းတံတားကို
နတ်များစီရင်၊ စုတ်ချက်တင်လည်း
တင်သည့်စုတ်ချက်၊ သည်တစ်ကွက်ထဲ
အသက်မဝင် နိုင်ပါသေး။

* ကုန်းနှင့်ရေ ကပ်၊ ဂဟေစပ်သို့
နှစ်ရပ်သွယ်တန်း၊ ကမ်းရိုးတန်းတည့်
သောင်ကမ်းလွလွ၊ ကျွန်းရံခ၍
ပုလဲဥဖွေး၊ ဓာတ်ငွေ့ပေးသော
သက်သွေးပင်လယ်၊ ရေထွက်ကြွယ်ကို
ထက်နယ်သိကြား၊ စုတ်ကစားလည်း
ပုံကားညံ့လျက်၊ သည်တစ်ကွက်ထဲ
အသက်မဝင် နိုင်ပါသေး။

* တစ်ကွက်စီခွဲ၊ နတ်ပင်ဆွဲလည်း
အမြဲလစ်ဟာ၊ လိုနေပါ၏
လက်ရာမသင့်၊ ဆေးမှုန်လွင့်၏
"ကုန်းမြင့်တောင်တန်း၊ မြေချိုင့်ဝှမ်းနှင့်
ကမ်းရိုးရေပြာ"၊ သုံးကွက်ပါမှ
သာမန်လူသား၊ ဆွဲသည်ထားဦး
ကားချပ်ပန်းချီ၊ နတ်မမီတည့်
စုံညီပြည့်ဝ၊ လှလည်းလှ၍
အသက်လည်းဝင်၊ မည်သူယှဉ်အံ့
ကြန်အင်စုံသော ပန်းချီကား။
စုစည်းနေသော ထိုခွန်အား။ ။

ကို(တက္ကသိုလ်)

ဓမ္မပိမာန်စာပေဆုရပုဂ္ဂိုလ်များစာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းကားပြန့်ပွားစေရန် ရည်ရွယ်၍ ဆရာတော် ဦးသာသန(ဓမ္မာစရိယ၊ မဟာဝိဇ္ဇာ) တည်ထောင်သော ဓမ္မပိမာန်စာပေဆုနှင့် ဆန်းလွင်စာပေဆုများကို ပြိုင်ပွဲခေါ်ယူခဲ့ပြီး စာပေဆုစိစစ်ရွေးချယ်ရေးအဖွဲ့က ၂၀၀၄ခုနှစ်အတွက် ဆုရပုဂ္ဂိုလ်များစာရင်းကို ထုတ်ပြန်ကြေညာထားသည်။

ဆုရပုဂ္ဂိုလ်များမှာ ပုံနှိပ်ပြီး ဓမ္မစာပေဆုတွင် ပထမဆုရ ရဝေနွယ်(အင်းမ)၏ 'မင်္ဂလာအတွေးများ'က ရရှိပြီး ဗုဒ္ဓတရားတော် အင်္ဂလိပ်ဘာသာစာပေဆုတွင် ပထမဆု ဦးလှမြင့်၏ 'Khandha (The Aggregates) and Their Nature'ကရရှိသည်။

တစ်သက်တာ ဓမ္မစာပေဆုရအဖြစ် ဦးသိန်းမောင်(သုခ)၊ ဦးအေးနိုင်(ဓမ္မာစရိယ၊ B.A)၊ ဦးလှကြိုင်(ပါရဂူ)၊ ဦးမောင်မောင်လေး(ဓမ္မာစရိယ)၊ ဦးဝင်းမောင်(မင်းယုဝေ)၊ ဦးလေးမြိုင်၊ ဦးမြတ်ကျော်၊ ဦးသိန်းဖံ(နန္ဒာသိန်းဖံ)နှင့် ဒေါက်တာမင်းတင်မွန်တို့က ရရှိကြသည်။

ဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲ ပထမဆုရ ပုဂ္ဂိုလ်များ အပါအဝင် ဆုရပုဂ္ဂိုလ်များအား ဆုနှင်းသဘင်အခမ်းအနားကို ရန်ကုန်မြို့ တိပိဋကဓမ္မရက္ခိတဗိမာန်တော် အမှတ် ၁၅ ကြားတောရလမ်း(ရွှေတိဂုံအရှေ့ဘက်မုခ်)၌ မတ် ၁၂ ရက်(စနေနေ့)တွင် ကျင်းပမည်ဖြစ်ရာ ဆုရရှိသူများသည် ဓမ္မပိမာန် အမှတ်၆၀၆ ဒုတိယထပ် ၅ လမ်းနှင့်၆လမ်းကြား ကမ်းနားလမ်း လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၁၁၃၅၉၊ ၂၂၅၉၀၇တို့သို့အမြန် ဆက်သွယ်ကြရန် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်အာစာရာလင်္ကာရ(ကိုးဘွဲ့ရ) တရားပွဲများ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

စစ်ကိုင်းတောင်ရိုး ရွှေဟင်္သာ တိုက်သစ်ကျောင်းတိုက်ကြီးမှ နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ ဓမ္မကထိကဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်မြတ်သည် ဖေဖော်ဝါရီ ၂၂ရက်နှင့် ၂၃ ရက်တွင် ပြည်မြို့နယ်လုံးဆိုင်ရာ အရဏ်ဆွမ်းလောင်းအသင်း ဗဟိုအဖွဲ့ဓမ္မသဘင်၊ ၂၄ ရက်တွင် အင်းစိန် အောင်ဆန်းမြို့ မလွန်ဆန်လှူဓမ္မသဘင်၊ ဖေဖော်ဝါရီ ၂၅၊၂၆၊၂၇၊ ၂၈ရက်နှင့် မတ် ၁၊၂၊၃၊၄၊၅၊၆ရက်တို့တွင် ကော့မှူးမြို့နယ် သံဖြူချောင်ရွာ၊ မဆယ်ဆိပ်ရွာ၊ လာဝတီရွာ၊ ဝါးဘလောက်သောက်ရွာ၊ နတ်စင်ကုန်းရွာနှင့် တော်ကူးရွာ ရွှေကျင်စာပြန်ပွဲ ဓမ္မသဘင်၊ မတ် ၇၊၈၊၉၊၁၀ ရက်တို့တွင် ဒေးဒရဲမြို့နယ် မလွန်ဆန်လှူကျေးရွာများ၊ မတ် ၁၁၊ ၁၂၊ ၁၃၊၁၄၊၁၅၊၁၆ ရက်တို့တွင် သန်လျင်မြို့နယ် စစ်ပင်ကွင်းရွာ၊ ဘယက်ရွာ၊ ညောင်ဝိုင်းရွာ၊ ပေါက်တောရွာ၊ သပြေကန်ရွာ၊ ပုဂံတောင်ရွာ ဓမ္မသဘင်၊ ၁၇ ရက်နှင့် ၁၈ရက်တွင် သုံးခွမြို့နယ်ညောင်ပင်ခင်တန်းရွာ ဓမ္မဒါနဓမ္မသဘင်၊ ၁၉၊၂၀၊၂၁၊၂၂ ရက်တွင် ဒေးဒရဲမြို့နယ် ကျေးရွာများ မလွန်ဆန်လှူ ဓမ္မသဘင်၊ ၂၃ ရက်တွင် ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ဝိနည်းစာပြန်ပွဲ ဓမ္မသဘင်၊ ၂၄ရက်နှင့် ၂၅ ရက်တွင် သန်လျင်မြို့နယ် ပြည်တော်သာရွာ၊ ကုလားဝဲရွာ၊ ၂၆ ရက်နှင့် ၂၇ရက်တွင် သာကေတ ၂/တောင် ရန်အောင်မြင် ဓမ္မာရုံဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားတော်မူမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

ဩဝါဒါပါတိမောက် အခါတော်နေ့ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်မြို့ ကိုးမိုင်မဟာစည်သာသနာ့ရိပ်သာ၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဩဝါဒါပါတိမောက် အခါတော်နေ့ကို ဖေဖော်ဝါရီ ၂၃ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဟိတေသီအဖွဲ့ဝင် ယောဂီများနှင့် ဓမ္မမိတ်ဆွေများ၊ အလှူရှင်များ ပါဝင်လှူဒါန်း တက်ရောက်ဆင်နွှဲကြရန် ဖိတ်ကြားနှိုးဆော်ထားကြောင်း သိရသည်။ **(က-ပ)**



ဖေဖော်ဝါရီ ၂၀ ရက်က ရန်ကင်းမြို့နယ် ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း မိဘ ဆရာ အသင်း နာယကဒုတိယ ဗိုလ်ချုပ်ကြီး တင်ဦး၏ ဇနီး ဒေါ်ခင်သန်းနွဲ့ ရန်ကင်း ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်း ဘက်စုံပညာ ထူးချွန်ဆုချီးမြှင့်ပွဲနှင့် ပဒေသာကပွဲ အခမ်းအနားတွင် ဆုရကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (က-ပ)

မော်ဘီသာသနာ့ဝန်ဆောင်ကျောင်း ဓမ္မပူဇာတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မော်ဘီသာသနာ့ဝန်ဆောင်ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ တေဇနိယ၏ အန္တိမဈာပနဓမ္မပူဇာအဖြစ် ၁၃၆၆ခုနှစ် တပို့တွဲလပြည့် (ဖေဖော်ဝါရီ၂၃ရက်) ဗုဒ္ဓဟူးနေ့ မွန်းလွဲ၁နာရီတွင် ဓမ္မဒူတ အရှင်ဆေကိန္ဒ (ဓမ္မကထိကဗဟုဇနဟိတဓရ) ကလည်းကောင်း၊ တပို့တွဲလပြည့်ကျော် ၁ ရက် (ဖေဖော်ဝါရီ ၂၄ရက်) ကြာသပတေးနေ့ မွန်းတည့် ၁၂နာရီတွင် ရမ္မာဝတီဆရာတော် အရှင်ဣန္ဒပါလ(တိပိဋကဓရ တိပိဋကကောဝိဒ)တို့ကလည်းကောင်း သံဝေဂ တရားတော်များ ဟောကြားမည်ဟု သိရသည်။ **(က-ပ)**

ဒေသဖွံ့ဖြိုးရေးအထူးမွမ်းမံသင်တန်း ပြည်ထဲရေးဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဒေသဖွံ့ဖြိုးရေးအထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် ရန်ကုန်တိုင်း လှည်းကူးမြို့နယ်ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး)၌ကျင်းပရာ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး တက်ရောက်၍ အမှာစကားပြောကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ ဒုတိယရှေ့နေချုပ်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ပါမောက္ခချုပ်နှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ဝန်ကြီးက အမှာစကားပြောကြားသည်။

ဒေသဖွံ့ဖြိုးရေး အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄)ကို ရက်သတ္တခြောက်ပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ၃၃၄ဦး တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

(၈၅)ကြိမ်မြောက် ပိဋကတ်တော်အလှူပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နိုင်ငံတော်က ကြီးမှူးကျင်းပသော ပိဋကတ်တော် စာမေးပွဲတွင်ထူးချွန်စွာအောင်မြင်တော်မူသော သာသနာ့အာဇာနည် အရှင်သူမြတ်များနှင့် သီလရှင်များအား (၈၅)ကြိမ်မြောက် ပိဋကတ်တော် အလှူပွဲကို အမှတ်(၁၈၇/၁၈၉) အနော်ရထာလမ်း၊ လမ်းမတော်မြို့နယ်၊ ၁၄ လမ်းထိပ်ရှိ မြန်မာပြည် ဗုဒ္ဓဘာသာ ပုညကုသလ (ဘီဘီအမ်အေ) အသင်း မင်္ဂလာမဏ္ဍပ်၌ ဖေဖော်ဝါရီ ၂၇ ရက်တွင် ကျင်းပမည်ဖြစ်သည်။

ပိဋကတ်တော် အလှူပွဲအကြို ဓမ္မပူဇနိယ တရားပွဲများကို ဖေဖော်ဝါရီ ၂၄ ရက်တွင် ဘဒ္ဒန္တဝါယာမိန္ဒာ ဘိဝံသ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ(ရေစကြို) ဆရာတော်၊ ၂၅ ရက်၌ ဘဒ္ဒန္တသီလက္ခန္ဓာ ဘိဝံသ တိပိဋကအဂ္ဂမဟာ ပဏ္ဍိတတိပိဋက ဓမ္မဘဏ္ဍာဂါရိက(မော်ကျွန်း) ဆရာတော်၊ ၂၆ ရက်ညတွင် ဘဒ္ဒန္တဝံသပါလာလင်္ကာရ တိပိဋကဓရ တိပိဋကကောဝိဒ တိပိဋကဓမ္မဘဏ္ဍာဂါရိက (မြင်းမူ) ဆရာတော်၊ နိုင်ငံကျော် ပိဋကတ်ဆရာတော်တို့က မြတ်ဗုဒ္ဓ၏ ဓမ္မဒေသနာတော်များကို ညစဉ် ၇နာရီမှစ၍ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

သတင်းအချက်အလက်နည်းပညာဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် (MCF)နှင့် Center of the International Cooperation for Computerization (CICC)တို့ ပူးပေါင်း၍ "သတင်းအချက်အလက် နည်းပညာဆိုင်ရာ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် သတင်းအချက်အလက်လုံခြုံမှု" (Seminar on IT Human Resource Development & Information Security) ခေါင်းစဉ်ဖြင့် ဟောပြောပွဲကို ဖေဖော်ဝါရီ၂၅ရက် နံနက်၉နာရီမှ ညနေ ၅ နာရီအထိ လှိုင်မြို့နယ် MICT Parkရှိ Confrence Hall၌ ပြုလုပ်မည်ဖြစ်သည်။ စိတ်ပါဝင်စားသူ မည်သူမဆို အခမဲ့တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် ဖုန်း- ၆၅၂၃၀၇၊ ၇၀၇၅၀၃ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မိမိတို့၏မှန်ကန်သည့် သတင်းပြန်ကြားချက်များ ပြည်သူများအကြားအမြန်ဆုံးရောက်ရှိအောင်ဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ပြည်သူ့ဆက်ဆံရေးလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်း (အရာရှိ) အမှတ်စဉ် (၁/၂၀၀၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း သင်တန်းခန်းမ၌ ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ၊ သင်တန်းနည်းပြဆရာ ဆရာမများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အကောင်အထည်ဖော်

အစီအစဉ်အရ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း **(အပေါ်ပုံ)**က သင်တန်းဖွင့် အမှာစကားပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ပြည်သူ့ဆက်ဆံရေး လုပ်ငန်း စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းကို ရည်ရွယ်ချက်(၃)ရပ်ဖြင့် ဖွင့်လှစ်ခြင်းဖြစ်ပြီး အဆိုပါ ရည်ရွယ်ချက်များမှာ (၁)ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ပေးရန်နှင့် အနာဂတ်ကိုမျှော်တွေးပြီး ကြိုတင်ပြင်ဆင်ဆောင်ရွက်နိုင်စေရန်၊ (၂) ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ အရည်အသွေး၊ လုပ်ငန်းပိုင်းဆိုင်ရာ အတွေးအခေါ်နှင့် ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးမြင့်မားစေရန်နှင့်(၃) ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်မှန်းချက် တာဝန်များနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၏ ရည်မှန်းချက်တာဝန်များကို သွက်လက်ထက်မြက် ထိရောက်စွာ ဆောင်ရွက် အကောင်အထည်ဖော်နိုင်ရန်တို့ပင် ဖြစ်ကြောင်း။

ရင်းရင်းနှီးနှီးနှုတ်ဆက်

သို့ဖြစ်၍ အဆိုပါရည်ရွယ်ချက်များကို အခြေခံပြီး ပြည်သူများနှင့် ထိတွေ့ကာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းတာဝန်များကို ဆောင်ရွက်နေကြသူများအနေဖြင့် မိမိတို့၏ မှန်ကန်သည့် သတင်းပြန်ကြားချက်များကို ပြည်သူများအကြား အမြန်ဆုံးရောက်ရှိအောင် ဆောင်ရွက်သွားကြရန် မှာကြားပြီး သင်တန်းသား သင်တန်းသူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အဆိုပါသင်တန်းသို့ ပြည်နယ်၊ တိုင်းနှင့် ခရိုင်များမှ မြို့နယ်ဦးစီးမှူး ၄၉ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇန်နဝါရီ ၂၈ရက်က ရန်ကုန်တိုင်း လှိုင်သာယာမြို့နယ် အမှတ်(၇) ရပ်ကွက်အတွင်းရှိ မြို့မငြိမ်း (၃)လမ်းအား မြို့နယ်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၏ ဦးဆောင်မှုဖြင့် စည်ပင်သာယာရေး ဝန်ထမ်းများ၊ ရပ်ကွက်ပြည်သူများ စုပေါင်းကတ္တရာလမ်းခင်းရန်အတွက် ကျောက်ခင်းခြင်းလုပ်ငန်းကို စုပေါင်းဆောင်ရွက်ကြစဉ်။
(၁၈၀)

မျက်စိအထူးကုဆရာဝန်ကြီးများ မျက်စိဝေဒနာရှင်များအား အခမဲ့ကုသပေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ကျန်းမာရေးဝန်ကြီးဌာန၏ လမ်းညွှန်မှု၊ ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ စီစဉ်ပေးမှုဖြင့် ရန်ကုန်မြို့ မျက်စိအထူးကုဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာ ဦးကံညွှန့် ခေါင်းဆောင်သော မျက်စိအထူးကုအဖွဲ့သည် ရခိုင်ပြည်နယ် စစ်တွေခရိုင် မြောက်ဦးမြို့သို့ သွားရောက်၍ မျက်စိခွဲစိတ်ကုသမှုများကို အခမဲ့ ဆောင်ရွက်ပေးခဲ့ကြသည်။

အဆိုပါအဖွဲ့တွင်မျက်စိဆရာဝန်များ ဖြစ်ကြသည့် ဒေါက်တာဒေါ်အေးအေးခိုင်၊ဒေါက်တာ ဒေါ်ဝါဝါခင်၊ ဒေါက်တာဒေါ်လှကေသီ၊ ဒေါက်တာ ဒေါ်ကေသီမြင့်၊ ဒေါက်တာ ဒေါ်ညိုညိုမင်းနှင့် သူနာပြုဆရာမများဖြစ်သည့် ဒေါ်မြင့်မြင့်ထူး၊ ဒေါ်စောဥမ္မာတင်တို့ ပါဝင်ကြသည်။ ယင်းအဖွဲ့သည် ဖေဖော်ဝါရီ ၁၄ရက်မှ ၁၈ရက်အတွင်း မျက်စိဝေဒနာရှင်ပေါင်း ၇၉၂ ဦးတို့အား ကြည့်ရှုပေးခဲ့ပြီး အတွင်းတိမ်ဝေဒနာရှင် ၁၅၀ အား ခွဲစိတ်ကုသပေးခဲ့ကြသည်။

အဆိုပါ မျက်စိခွဲစိတ်ကုသမှုဆောင်ရွက်ရာတွင် မြောက်ဦးမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်သန်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာစိန်လှိုင်နှင့် ဆေးရုံဝန်ထမ်းများက ပါဝင်ကူညီဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၁၃၆၆ ခုနှစ် တပို့တွဲလဆန်း ၁၄ ရက် (အဖိတ်နေ့)
၂၂-၂-၂၀၀၅ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယက အဖွဲ့အကျိုးတော်ဆောင်ချုပ် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ဘဒ္ဒန္တဝိစိတ္တသာရာ ဘိဝံသ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၅။	ကဗျာပန်းဥယျာဉ်
၈း၁၀	၆။	အကပြိုင်ပွဲ
၈း၂၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go
၉း၀၀	၁၀။	အစီအစဉ်ပြီး၏။

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	English for Every Use
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၁၇း၃၀	၇။	ခံစားနားဆင်တေးဇာတ်ဝင်
၁၇း၄၅	၈။	ဆိုကြမယ် ပျော်ကြမယ်
၁၈း၁၅	၉။	နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ **"မျောက်မင်းဂူခုန်း"** (အပိုင်း-၇၀)
၁၈း၃၀	၁၀။	ညနေခင်းသတင်း
၁၉း၀၀	၁၁။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၂။	ကြေးမုံရိပ်သွင်တေးနယဉ်
၁၉း၂၀	၁၃။	သားငါးဖွံ့ဖြိုး ပြည့်အကျိုး
၁၉း၃၅	၁၄။	နှစ်(၆၀)ပြည့် တပ်မတော်နေ့ အထိမ်းအမှတ် ပန်းချီ၊ ပန်းပု ပြိုင်ပွဲ ပြပွဲကြိုတင်ပြင်ဆင်မှုများ
၁၉း၄၅	၁၅။	**အမျိုးသားညီလာခံဂုဏ်ပြုတေး**
၂၀း၀၀	၁၆။	ပြည်တွင်းသတင်း
	၁၇။	နိုင်ငံတကာသတင်းများ
	၁၈။	မိုးလေဝသအခြေအနေ
	၁၉။	နိုင်ငံခြားဇာတ်လမ်းတွဲ **"သံစဉ်မဲ့ချစ်သူ"** (အပိုင်း-၄၁)
	၂၀။	နောက်တစ်နေ့အစီအစဉ်
	၂၁။	အစီအစဉ်ပြီး၏။

ရွှေတိဂုံစေတီတော်တောင်ဘက်စောင်းတန်းဈေးသူဈေးသားများ ရွှေစင်ရွှေသားရွှေပြားသင်္ကန်းတော်များဆက်ကပ်လှူဒါန်း

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်း ဈေးသူဈေးသားများ၏ ရွှေတိဂုံစေတီတော်သို့ ရွှေစင်ရွှေသား ရွှေပြားသင်္ကန်းတော်များ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက်၉နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တပညိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များထံမှ ပရိတ်တရားတော်များ နာယူကြသည်။

လှူဒါန်း

ထို့နောက် ရွှေတိဂုံစေတီတော် တောင်ဘက်စောင်းတန်း ဈေးသူဈေးသားများက ရွှေတိဂုံစေတီတော်တွင် ကပ်လှူရန်အတွက် တစ်ပြားလျှင် ရွှေစင်ရွှေသားသုံးကျပ်သားစီရှိသည့် ရွှေပြားသင်္ကန်းတော် ၁၂ပြားကို လှူဒါန်းကြရာ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များက လက်ခံယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ ဩဝါဒါစရိယ ဗဟန်းမြို့နယ် အောင်မြေဘုံစံကျောင်းဆရာတော်ထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနနှင့် ယဉ်ကျေးမှုလုပ်ငန်း အဖွဲ့ခွဲတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာ ထမနဲသရုပ်ပြ ဟောပြောပွဲတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့်အဖွဲ့ဝင်များ လက်တွေ့သရုပ်ပြထမနဲထိုးနည်း ပြသမှုကို ကြည့်ရှုအားပေးစဉ်။ (ပြည်ထဲရေး)

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် မြန်မာ့ရိုးရာထမနဲသရုပ်ပြ ဟောပြောပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စည်းရုံးရေးဌာနနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းကျင်းပသည့် မြန်မာ့ရိုးရာထမနဲ သရုပ်ပြ ဟောပြောပွဲကို ယနေ့နံနက်၉နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် သံလွင်လမ်းရှိ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ရုံး၌ ကျင်းပရာ ရှေးဦးစွာ စည်းရုံးရေးဌာနမှူး ဒေါက်တာညွန့်ညွန့်ဦးကကျင်းပရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ယဉ်ကျေးမှုတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ဒေါ်ခင်လှဌေးက မြန်မာ့ရိုးရာ ထမနဲပွဲအကြောင်း ဟောပြောသည်။ ထို့နောက် လက်တွေ့ သရုပ်ပြထမနဲ ထိုးနည်းပြသ၍ ထမနဲထိုးပွဲကို ပျော်ရွှင်စွာဆင်နွှဲကြသည်။

မြန်မာ့ရိုးရာ ထမနဲသရုပ်ပြဟောပြောပွဲသို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းနွဲ့နှင့် အဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများ လာရောက်ကြည့်ရှုအားပေးကြသည်။ ဆက်လက်၍ မြန်မာ့ရိုးရာထမနဲ သရုပ်ပြ ဟောပြောပွဲအပြီးတွင် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဌာနမှ သင်တန်းသူ ၁၄၀တို့အား ထမနဲများသွားရောက်ဝေငှပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထိုင်းနိုင်ငံကာကွယ်ရေးတက္ကသိုလ်မှလေ့လာရေးအဖွဲ့ရောက်ရှိ ရွှေတိဂုံစေတီဖူးမြော်၊ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်မှ ဒုတိယကျောင်းအုပ်ကြီး Major General Prasitichai Pibulrat ခေါင်းဆောင်သော လေ့လာရေးအဖွဲ့သည် မြန်မာနိုင်ငံတွင် လေ့လာရေးခရီးစဉ်အဖြစ် ယနေ့နံနက် ၉ နာရီတွင် ထိုင်းဘုရင့်တပ်မတော် အထူးလေယာဉ်ဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြသည်။

အဆိုပါ လေ့လာရေးအဖွဲ့အား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ်သန်းမောင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော် အရာရှိကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Suphot Dhira Kaosalနှင့် စစ်သံမှူး Col. Prissapa Suvanatat နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ **(အပေါ်ပုံ)**

ရှင်းလင်းပြောကြား

ထို့နောက်လေ့လာရေးအဖွဲ့သည် နံနက်၁၁နာရီတွင် ရွှေတိဂုံစေတီတော်သို့ ရောက်ရှိကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက ကြိုဆိုကြပြီး ရွှေတိဂုံစေတီတော်နှင့် သာသနိက အဆောက်အအုံများ အကြောင်းကို ရှင်းလင်းပြောကြားကြသည်။

ယင်းနောက် လေ့လာရေးအဖွဲ့သည် စေတီတော်အတွက်အလှူငွေများ ထည့်ဝင်လှူဒါန်းကြပြီး စေတီတော်အား လှည့်လည်ဖူးမြော်ကြည်ညိုကြသည်။

ထိုင်းနိုင်ငံ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ် ဒုတိယကျောင်းအုပ်ကြီး Major General Prasitichai Pibulrat ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် မွန်းလွဲ၁နာရီခွဲတွင် ရန်ကုန်မြို့ ရွှေတိဂုံဘုရားလမ်းရှိ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်သို့ သွားရောက်လေ့လာကြသည်။

တွေ့ဆုံနှုတ်ဆက်

ရှေးဦးစွာ လေ့လာရေးအဖွဲ့သည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဧည့်ခန်းမ၌ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းအား သွားရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထို့နောက် Major General Prasitichai Pibulrat နှင့်အဖွဲ့ဝင်များအား နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ရှင်းလင်းဆောင်ခန်းမ၌ ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းက နှုတ်ခွန်းဆက်စကား ပြောကြားပြီး နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်၏ သမိုင်းကြောင်းနှင့် သင်ကြားရေးဆိုင်ရာများကို ဗီဒီယိုဆလိုက်ဖြင့် ရှင်းလင်းပြသသည်။

ဆက်လက်၍နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဖေသန်းဦးက မြန်မာနိုင်ငံ၏ နိုင်ငံခြားရေး မူဝါဒဆိုင်ရာများကိုလည်းကောင်း၊ ပြည်ထဲရေးဝန်ကြီးဌာန နိုင်ငံဖြတ်ကျော်မှုခင်းများ တိုက်ဖျက်ရေးဌာန ဌာနမှူး ရဲမှူးကြီးစစ်အေးက နိုင်ငံဖြတ်ကျော်မှုခင်းများတိုက်ဖျက်ရေးဆိုင်ရာ ဆောင်ရွက်မှုများကိုလည်းကောင်း၊အမျိုးသား စီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ညွှန်ကြားရေးမှူးဒေါ်ခင်မမဆွေက မြန်မာနိုင်ငံ၏ လက်ရှိစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ဆောင်ရွက်မှုများကို လည်းကောင်း အသီးသီး ရှင်းလင်းပြောကြားကြသည်။

ယင်းနောက်ထိုင်းနိုင်ငံ နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ်မှ ဒုတိယကျောင်းအုပ်ကြီး Major General Prasitichai Pibulrat က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ Major General Prasitichai Pibulratနှင့် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်ချုပ်မိုးဟိန်းတို့သည် အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

ကြည့်ရှုလေ့လာ

ထို့နောက် Major General Prasitichai Pibulratသည် နိုင်ငံတော် ကာကွယ်ရေးတက္ကသိုလ် ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးပြီး လေ့လာရေးအဖွဲ့ဝင်များနှင့်အတူ နိုင်ငံတော် ကာကွယ်ရေး တက္ကသိုလ်အတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ပေးအပ်ပွဲကို ဖေဖော်ဝါရီ၁၈ရက်က မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက် တိရစ္ဆာန်နှင့်ပန်းဥယျာဉ်ရှင်းလင်းဆောင်တွင် ပြုလုပ်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ရန်ကုန်တိုင်း ဦးစီးမှူး ဦးတင်အောင်က နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (၂၅၉)

ဆုချီးမြှင့်

ဇန်နဝါရီ၃၀ရက်က တောင်ဥက္ကလာပမြို့နယ် အခြေခံပညာ မူလတန်းကျောင်း အမှတ်(၂၃) မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းပွဲတွင်သူငယ်တန်းမှပထမဆုရ မောင်ဝေထက်ကျော်အား ကျောင်းအုပ်ဆရာကြီးဦးသန်းဌေးက ဆုချီးမြှင့်စဉ်။ (က-ပ)

ဓမ္မိကဓမ္မာရုံတရားပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အောင်ဆန်းတောရ တပ်ဦးဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ၏ တရားပွဲကို ဖေဖော်ဝါရီ ၂၁ရက်မှ ၂၅ရက်အထိညစဉ် ည၆နာရီမှ၇နာရီအထိ ဓမ္မိကဓမ္မာရုံအမှတ်(၅)ရပ်ကွက် အနောက်ရန်ကင်း ရန်ကင်းမြို့နယ်၌ တရားတော်များ ဟောကြားလျက်ရှိကြောင်း သိရသည်။ **(က-ပ)**

အထကကျောက်တံတား အာစရိယပူဇော်ပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အထကကျောက်တံတား ကျောင်းသား ကျောင်းသူဟောင်းများ၏(၁၃)ကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို မတ်၂ရက် နံနက်၉နာရီတွင် အထကကျောက်တံတား ကျောင်းခန်းမ၌ ကျင်းပရန်စီစဉ်ထားသည်။

အလှူငွေများကို ဆရာမဒေါ်ညွန့်ညွန့်ထွေး ဖုန်း-၂၀၂၂၀၈၊ ကိုညိုမြင့်လွင် ဖုန်း-၂၄၆၈၃၅၊ ဆရာမဒေါ်စန်းစန်း၊ ဆရာမဒေါ်သန်းမြင့်၊ (အထက၊ ကျောက်တံတား)၊ ကိုအောင်လင်း၊ ကိုဇော်မင်းထွန်း ဖုန်း-၅၄၈၉၈၉၊ ကိုကျော်ဖြိုးဝေ ဖုန်း-၇၀၆၉၃၇၊ မနှင်းနုဝေ ဖုန်း-၃၈၁၂၇၆၊ ၀၉-၈၀-၃၄၂၈၄၊ မလင်းလင်းထွန်း၊ မသန္တာထွန်း ဖုန်း-၂၅၂၂၅၀နှင့် မပို့ပို့အောင်၊ ကိုကြီးစိုးအောင် ဖုန်း-၇၂၇၈၇၂တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်သိမ်းခြင်းဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများ ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ထည့်သွင်းရန် အသေးစိတ်အခြေခံရမည့်မူအဖြစ်ဖော်ပြသင့်

✻ *ကျောဖုံးမှ*

"နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းနှင့် စပ်လျဉ်းသည့် ဥပဒေပြုစာရင်းလျာထားချက် (၁၁)ခုထဲမှ စီမံခန့်ခွဲရေးကဏ္ဍအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရေးနှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့များနှင့် ညီလာခံကိုယ်စားလှယ်အချို့တို့၏ အကြံပြုတင်ပြချက်များအပေါ် သဘာပတိအဖွဲ့၏ ကောက်နုတ်စုစည်းချက်ကို ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် မေလ ၂၀ရက်နေ့တွင် ကျင်းပခဲ့သည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးမှာ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌက 'စီမံခန့်ခွဲရေးကဏ္ဍတွင် အကျုံးဝင်သည့် အကြောင်းအရာများမှာ အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများ၊ ရွာမြေ၊ မြို့မြေ စီမံခန့်ခွဲရေးဆိုင်ရာ ကိစ္စများ၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးဆိုင်ရာကိစ္စများ၊ နိုင်ငံတော်လျှို့ဝှက်ချက်များ ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊ အသင်းအဖွဲ့များဆိုင်ရာကိစ္စများ၊ အကျဉ်းထောင်ဆိုင်ရာကိစ္စများ၊ နယ်စပ်ဒေသဆိုင်ရာကိစ္စများ၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်းဆိုင်ရာကိစ္စများ၊ နိုင်ငံသား စိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်းဆိုင်ရာကိစ္စများ၊ ဘွဲ့ထူး၊ ဂုဏ်ထူးနှင့် ဆုတံဆိပ်ဆိုင်ရာကိစ္စများ၊ စည်ပင်သာယာရေးဆိုင်ရာကိစ္စများ၊ မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စများနှင့် မြို့စီမံကိန်းဆိုင်ရာ ကိစ္စများပင်'ဖြစ်ကြောင်း။

ကူညီဆောင်ရွက်

အမျိုးသားညီလာခံက ချမှတ်ထားသည့် အခြေခံမူများထဲမှာ တိုင်းရင်းသားများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သည် တိုးတက်ဖွံ့ဖြိုးမှုနည်းပါးနေသည့် တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လမ်းပန်းဆက်သွယ်ရေး စသည်တို့ပါဝင်သော လူမှုစီးပွားရေး တိုးတက်ဖွံ့ဖြိုးမှုအတွက် ကူညီဆောင်ရွက်မည်ဟု ချမှတ်ထားပါကြောင်း။

အမျိုးသားညီလာခံက ချမှတ်ပြီးဖြစ်သည့် အခြေခံမူများတွင် နိုင်ငံသားဖြစ်မှုနှင့် စပ်လျဉ်း၍ 'တိုင်းရင်းသားမိဘနှစ်ပါးမှ မွေးဖွားသူအားလုံးသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ အတည်ပြုပြဋ္ဌာန်းသည့်နေ့တွင် ဥပဒေအရ နိုင်ငံသားဖြစ်ပြီးသူများသည် နိုင်ငံသားဖြစ်သည်။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်းနှင့် နိုင်ငံသားအဖြစ်မှ ရုပ်စဲခြင်းတို့သည် ဥပဒေဖြင့်ပြဋ္ဌာန်းသည့်အတိုင်းဖြစ်မည်' ဆိုသည့် အခြေခံမူတစ်ရပ်ပါရှိပါကြောင်း။

ယခု မိမိရှင်းလင်းတင်ပြခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍတွင် ပါရှိမည့်ကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုပါက –

၁။ အထွေထွေအုပ်ချုပ်ရေး၊
၂။ ရွာမြေ၊ မြို့မြေစီမံခန့်ခွဲရေး၊
၃။ အိမ်ငှား၊ မြေငှား၊
၄။ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး၊
၅။ နိုင်ငံတော် လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊
၆။ အသင်းအဖွဲ့များ၊
၇။ အကျဉ်းထောင်၊
၈။ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
၉။ သန်းခေါင်စာရင်း၊
၁၀။ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊
၁၁။ ဘွဲ့ထူး၊ ဂုဏ်ထူးတို့ဖြစ်ပါကြောင်း။

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များကို စုစည်းတင်ပြရမည်ဆိုပါက –

၁။ စည်ပင်သာယာရေး၊
၂။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
၃။ ဂုဏ်ထူးဆောင်လက်မှတ်များနဲ့ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ဖြစ်ပါကြောင်း"ကို ရှင်းလင်းပြောကြားသွားပါကြောင်း။

ယင်းရှင်းလင်းချက်နှင့် စပ်လျဉ်းပြီး အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် နိုင်ငံရေးပါတီခုနစ်ပါတီအနက် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီက "စီမံခန့်ခွဲရေးကဏ္ဍနှင့် ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် –

– အထွေထွေအုပ်ချုပ်ရေး၊
– ရွာမြေ၊ မြို့မြေစီမံရေး၊
– အိမ်ငှား၊ မြေငှား၊
– မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သောဆေးဝါး၊
– နိုင်ငံတော်လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာကိစ္စများ၊
– အသင်းအဖွဲ့များ၊
– အကျဉ်းထောင်၊
– နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေး၊
– သန်းခေါင်စာရင်း၊
– နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ ရုပ်သိမ်းခြင်း၊ နိုင်ငံသားစိစစ်ရေးနှင့် မှတ်ပုံတင်လုပ်ငန်း၊
– ဘွဲ့ထူး၊ ဂုဏ်ထူး

များပါဝင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် –

– စည်ပင်သာယာရေး၊
– မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
– ဂုဏ်ထူးဆောင်လက်မှတ်များနဲ့ ဂုဏ်ထူးဆောင်ဆုပစ္စည်းများ

ပါဝင်သည်ကို လေ့လာတွေ့ရှိရသည့်အတွက် သင့်လျော်မှုရှိကြောင်း တွေ့ရှိရပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဤကိုယ်စားလှယ်အစုအဖွဲ့တွင်ပါဝင်သည့် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်က "အထွေထွေအုပ်ချုပ်ရေး တစ်နည်းအားဖြင့် စီမံခန့်ခွဲရေး၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင်၊ တိုင်း၊ ပြည်နယ် အထွေထွေအုပ်ချုပ်ရေး အရာရှိများနှင့် ဝန်ထမ်းများအား သက်ဆိုင်ရာကဏ္ဍအလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေများနှင့်အညီ စီမံခန့်ခွဲရတဲ့လုပ်ငန်းဖြစ်ကြောင်း၊ ယင်းလုပ်ငန်းများထဲမှ ရွာမြေ၊ မြို့မြေသတ်မှတ်ခြင်း၊ သာသနာရေးဆိုင်ရာ အခွန်လွတ်ဂရန်ထုတ်ပေးခြင်း၊ သိမ်သမုတ်ရန်မြေဂရန်ထုတ်ပေးခြင်း၊ မြို့မြေတိုးချဲ့ခြင်း၊ ကန်မြေ၊ သုသာန်မြေသတ်မှတ်ခြင်းနှင့် အိမ်ငှား၊ မြေငှားဆိုင်ရာလုပ်ငန်းများကို တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ပေးရပါကြောင်း၊ လူသားမျိုးနွယ်များကို ဒုက္ခဆိုးကျိုးပေးနေသည့် မူးယစ်ဆေးဝါးများစိုက်ပျိုးခြင်း၊ ရောင်းဝယ်ခြင်း၊ ထုတ်လုပ်ခြင်း၊ စားသုံးခြင်းများကို တစ်နိုင်ငံလုံး အတိုင်းအတာနှင့် ပပျောက်အောင်ဆောင်ရွက်ပေးရန် လိုအပ်သလို ကုလသမဂ္ဂနှင့် ပြည်ပ အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ နိုင်ငံတော်အနေနှင့် စီးပွားရေး၊ လူမှုရေးအတိုင်းအတာအရ လျှို့ဝှက်ချက်များအဖြစ် ထိန်းသိမ်းထားရှိရမည့် ကိစ္စများရှိနိုင်ပါကြောင်း၊ နိုင်ငံတော်လျှို့ဝှက်ချက်ထိန်းသိမ်းရေးဆိုင်ရာ ဥပဒေများကိုလည်း ပြဋ္ဌာန်းပေးဖို့လိုအပ်ပါကြောင်း။

တစ်ပြေးညီဖြစ်ရန်

လွတ်လပ်သည့် နိုင်ငံတိုင်း၌ ဘာသာရေး၊ လူမှုရေးလုပ်ငန်းနှင့် အနုပညာ၊ အားကစားဆိုင်ရာ အဖွဲ့အစည်းများတွင် လူတိုင်းလွတ်လပ်စွာ ပါဝင်လှုပ်ရှားခွင့်ရှိကြပါကြောင်း၊ ထိုကဲ့သို့ ပါဝင်လှုပ်ရှားသည့်နေရာတွင် အများပြည်သူ၏ လုံခြုံရေးနှင့် အေးချမ်းသာယာရေးကိုထိခိုက်စေမည့် ဆောင်ရွက်မှုမျိုးကို သတိပြုရှောင်ရှားနိုင်ရန် အသင်းအဖွဲ့အစည်းများ၏ စည်းကမ်းသတ်မှတ်ချက်တစ်ပြေးညီဖြစ်ရန် ဥပဒေများပြဋ္ဌာန်းပေးရမည်ဖြစ်ပါကြောင်း၊ သက်ဆိုင်ရာတရားရုံးက ဥပဒေနှင့်အညီ အမှုစစ်ဆေးပြီး အချုပ်သား၊ အကျဉ်းသားများကို အသက်အရွယ် အမျိုးအစားအလိုက် သက်ဆိုင်ရာသင့်လျော်သည့် အကျဉ်းထောင်များတွင် ချထားပေးရပါကြောင်း၊ အကျဉ်းထောင်များစနစ်တကျရှိစေရန် အကျဉ်းသားများကို စနစ်တကျထားရှိရန် တာဝန်ရှိသူများက အခါအားလျော်စွာ ကြည့်ရှုစစ်ဆေးကြီးကြပ်သွားရမှာဖြစ်ပါကြောင်း။

ထူးချွန်ပြောင်မြောက်စွာထမ်းဆောင်

ပြည်တွင်းမငြိမ်မသက်မှုကြောင့် ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ရသည့် နယ်စပ်ဒေသများအတွက် ဘက်စုံ ဖွံ့ဖြိုး တိုးတက်ရေးစီမံကိန်းများကို တစ်ပြေးညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရပါကြောင်း၊ နိုင်ငံသားဖြစ်ခြင်း၊ နိုင်ငံသားပြုခြင်း၊ နိုင်ငံသားအဖြစ်မှရုပ်စဲခြင်း၊ နိုင်ငံသားအဖြစ်မှ ရုပ်သိမ်းခြင်းဆိုင်ရာ စီမံခန့်ခွဲရေးကိစ္စများသည် နိုင်ငံတော်အတွက် အထူးအရေးကြီးသည့်ကိစ္စဖြစ်သကဲ့သို့ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် စီမံကိန်းနှင့် အကောင်အထည်ဖော်ဆောင်ရွက်ရသည့် နေရာတွင်လည်း လူဦးရေစာရင်းအတိအကျ ကောက်ခံရသည့် သန်းခေါင်စာရင်းများကိုလည်း နေ့ရက်၊ အချိန်အခါသတ်မှတ်ပြီး ကောက်ခံသွားရမှာဖြစ်ကြောင်း၊ နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လူမှုရေး၊ စီးပွားရေးဘက်ပေါင်းစုံမှ နိုင်ငံတော်အတွက် ထူးချွန်ပြောင်မြောက်စွာထမ်းဆောင်ခဲ့ကြသည့် ပုဂ္ဂိုလ်များရှိလာနိုင်ပါကြောင်း၊ ယင်းပုဂ္ဂိုလ်များအတွက် နိုင်ငံတော်အကြီးအကဲဖြစ်သည့် နိုင်ငံတော်သမ္မတက ဘွဲ့ထူး၊ ဂုဏ်ထူးများကို အခါအားလျော်စွာ ချီးမြှင့်ပေးလေ့ရှိပါကြောင်း။

ထို့ကြောင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ စီမံခန့်ခွဲရေးကဏ္ဍပါ အချက်(၁၁)ချက်ကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းရန် အသေးစိတ်အခြေခံရမည့်မူအဖြစ် ဖော်ပြသင့်ကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့မှာပါဝင်သည့် မြို(ခေါ်)ခမိအမျိုးသားညီညွတ်ရေးအဖွဲ့က "အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌက ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍမှာ ပါရှိမည့်ကိစ္စရပ်(၁၁)ခုကို တင်ပြခဲ့ပါကြောင်း၊ အဆိုပါကိစ္စရပ်၁၁ခုကို ပြည်ထောင်စုဥပဒေပြုစာရင်းတွင်ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါကြောင်း။

အလားတူ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် စီမံခန့်ခွဲရေးဆိုင်ရာကိစ္စရပ်များဖြစ်သည့် –

၁။ စည်ပင်သာယာရေး၊
၂။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
၃။ ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ တို့ကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သင့်ပါကြောင်း တင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဆီလျော်သင့်မြတ်

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "စီမံခန့်ခွဲရေး ကဏ္ဍနှင့်ပတ်သက်ပြီး ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အချက်၁၁ချက်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက်သုံးချက်၊ အသီးသီးကဏ္ဍအလိုက်၊ အဆင့်အလိုက် ဥပဒေပြုဖို့လိုအပ်လာပါက ဥပဒေပြဋ္ဌာန်းနိုင်ရန်အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်သည်မှာ ဆီလျော်သင့်မြတ်ပါကြောင်း ဆွေးနွေးတင်ပြပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်အစုအဖွဲ့တွင် ပါဝင်သည့် ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့အချုပ်က "စီမံခန့်ခွဲရေး ကဏ္ဍနှင့်ပတ်သက်ပြီး တစ်နိုင်ငံလုံးအတိုင်းအတာနှင့် ဆောင်ရွက်ရမည့်ကိစ္စဖြစ်၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြထားသည်ကို တွေ့ရပါကြောင်း၊ လျော်ကန်သင့်မြတ်သည့်အတွက် အကြံပြုဆွေးနွေးစရာမရှိပါ။

ထို့အပြင် စီမံခန့်ခွဲရေးကဏ္ဍမှာ အကျုံးဝင်ပြီး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် အသေးစိတ်အခြေခံရမည့်မူများဖြစ်သည့် –

၁။ စည်ပင်သာယာရေး၊
၂။ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးတိုးတက်ရေး၊
၃။ ဂုဏ်ထူးဆောင်လက်မှတ်များနှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ စသည့် အချက်သုံးချက်ဖြစ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

အထူးများပြား

ယင်းကိုယ်စားလှယ်အစုအဖွဲ့မှာပါဝင်သည့် ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီက "စီမံခန့်ခွဲရေးကဏ္ဍတွင် အကျုံးဝင်သည့်အကြောင်းအရာဖြစ်သည့် အထွေထွေအုပ်ချုပ်ရေးဆိုင်ရာ ကိစ္စများသည် အထူးများပြားကျယ်ဝန်းပြီး အကြောင်းအရာအလိုက် ကွဲပြားခြားနားလျက်ရှိပါကြောင်း။

ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်ရာတွင် အုပ်ချုပ်ရေးယန္တရားခိုင်မာတောင့်တင်းပြီး လျင်မြန်သွက်လက်စွာ စဉ်ဆက်မပြတ်စနစ်တကျ လည်ပတ်နိုင်ရန် လိုအပ်ပါကြောင်း၊ ထို့အပြင် ဒီယန္တရားကို ကိုင်တွယ်မောင်းနှင်ရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များအနေနှင့် အရည်အချင်းပြည့်ဝပြီး ကိုယ်ကျင့်တရားကောင်းရန်ကိုလည်း လိုအပ်ပါကြောင်း။

သို့မှသာ မျှော်မှန်းသည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို အောင်မြင်စွာထူထောင်နိုင်မှာဖြစ်ပါကြောင်း၊ ထို့ကြောင့် စီမံခန့်ခွဲရေးကဏ္ဍတွင် ဖော်ပြပါရှိတဲ့ အကြောင်းကိစ္စများနှင့်ပတ်သက်ပြီး ဆွေးနွေးတင်ပြရန် မရှိကြောင်း တင်ပြလိုပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ယင်းကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် 'ဝ'အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီက "လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြပါရှိသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍပါ ကိစ္စရပ်များသည် ကျိုးကြောင်းဆီလျော် ပြည့်စုံမှုရှိသည့်အတွက် မိမိတို့ပါတီအနေဖြင့် အထူးတင်ပြရန်မရှိပါ။ ယင်းကိစ္စရပ်များကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဆောင်ရွက်မှသာ ညီညွတ်မျှတမှုရှိပြီး ထိရောက်မှုရှိမည်ဖြစ်သဖြင့် ပြည်ထောင်စုအစိုးရကသာ ဆောင်ရွက်ရမည့် ကိစ္စရပ်များဖြစ်ပါကြောင်း။

ထို့ကြောင့် ယင်းကိစ္စရပ်(၁၁)ရပ်ကို ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေအဖြစ်ပြဋ္ဌာန်းပေးရန်အတွက် ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ဖော်ပြရန် အသေးစိတ် အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါကြောင်း။

အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းပြောကြားခဲ့သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ဖော်ပြသင့်သည့် ကိစ္စရပ်သုံးရပ်နှင့်ပတ်သက်၍ လုပ်ငန်းကော်မတီဥက္ကဋ္ဌ၏ ရှင်းလင်းပြောကြားချက်သည် ကျိုးကြောင်းဆီလျော်ပြီး ပြည့်စုံမှုရှိသည့်အတွက် မိမိတို့ပါတီအနေဖြင့် အထူးတင်ပြရန်မရှိပါ။

ယင်းကိစ္စရပ်သုံးရပ်ကို ဥပဒေပြုဖို့လိုအပ်လာလျှင် ဥပဒေပြဋ္ဌာန်းပေးနိုင်ရန် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

ဆွေးနွေးတင်ပြ

ညီလာခံကိုယ်စားလှယ် အစုအဖွဲ့ရှစ်ဖွဲ့အနက် အစုအဖွဲ့တစ်ဖွဲ့ဖြစ်သည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဆွေးနွေးအကြံပြုချက် စာတမ်းငါးစောင်အနက် –

– တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်၊
– မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးပါတီမှ ကိုယ်စားလှယ်

တို့၏ သဘောထားကို နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့တွင် ပါဝင်သည့် ယင်းတို့၏ နိုင်ငံရေးပါတီများက ဆွေးနွေးတင်ပြခဲ့ကြပြီးဖြစ်ပါကြောင်း၊ ယင်းဆွေးနွေးချက်များအတိုင်းပင် သက်ဆိုင်ရာကိုယ်စားလှယ်များကလည်း ဆွေးနွေးတင်ပြသွားသည်ကို တွေ့ရပါကြောင်း။

စာမျက်နှာ ၇ ကော်လံ ၁

အဝတ်အထည်များ သက်သာသောနှုန်းထားဖြင့် ပြည်သူများထံဖြန့်ဖြူး ဝါကောက်ရာသီ၌ ဝါများအပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အမှတ်(၁)စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးအောင်သောင်းသည် တာဝန်ရှိသူများလိုက်ပါလျက် ဖေဖော်ဝါရီ ၁၉ရက် မွန်းလွဲ ၁၂နာရီခွဲတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့ မြန်မာ့အထည်အလိပ်လုပ်ငန်း စက်မှုကုန်ကြမ်း စီမံရေးရာဌာန တောင်တွင်းကြီး ဝါကြိတ်စက်ရုံသို့ရောက်ရှိပြီး သိုလှောင်ထားသည့် ဝါစက်မှုကုန်ကြမ်း အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် လွှသွားဝါကြိတ်စက်ဌာနသို့ ရောက်ရှိပြီး လွှသွားဝါကြိတ်စက်သုံးလုံးဖြင့် ဝါကြိတ်ခြင်းလုပ်ငန်းများနှင့် စက်အပိုပစ္စည်းများကို ကြည့်ရှုစစ်ဆေးသည်။ ဝန်ကြီးသည် စက်ရုံရှင်းလင်းဆောင်၌ စက်ရုံတာဝန်ရှိသူများနှင့် တွေ့ဆုံ၍ လိုအပ်သည်များ မှာကြားသည်။

တည်ဆောက်မှု

ဝန်ကြီးသည် မွန်းလွဲ ၁နာရီခွဲတွင် မကွေးတိုင်း တောင်တွင်းကြီးမြို့နယ် ပရပ်ကြယ်ကျေးရွာအနီး၌ မြန်မာ့စားသောက်ကုန်လုပ်ငန်းမှ လုပ်ငန်းအကောင်အထည်ဖော်လျက်ရှိသည့် ပြောင်းဖူးထွက် စားကုန်ပစ္စည်းစက်ရုံစီမံကိန်း (ရန်ပယ်)သို့ ရောက်ရှိပြီး ပြောင်းဖူးစေ့သိုလှောင်ကန်များ တည်ဆောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် ကော်မှုန့်စက်ရုံ တည်ဆောက်ပြီးစီးမှုလုပ်ငန်းများကိုလည်းကောင်း၊ ပြည်ပမှ ရောက်ရှိလာသည့် စက်ပစ္စည်းများကိုလည်းကောင်း၊ မြို့ပြဆိုင်ရာ ဆောင်ရွက်မှုကိုလည်းကောင်းကြည့်ရှုစစ်ဆေးပြီး ဝန်ကြီးက မြို့ပြဆိုင်ရာလုပ်ငန်းများ အချိန်မီပြီးစီးရေး၊ ရေရှည်မျှော်မှန်း၍ တည်တံ့ခိုင်မြဲရေး စီမံဆောင်ရွက်သွားရေးမှာကြားသည်။

ထို့မှတစ်ဆင့် ဝန်ကြီးသည် မကွေးတိုင်း လယ်မ-သာစည်ဒေသရှိ မြန်မာ့အထည်အလိပ်လုပ်ငန်း၏ ဝါစိုက်ပျိုးရေးစီမံကိန်းဌာန ကွပ်ကဲရေးရုံးသို့ရောက်ရှိပြီး တာဝန်ရှိသူများအား ဝန်ကြီးက နိုင်ငံတော်အကြီးအကဲက အဆင့်မီ၍ သက်သာသောနှုန်းထားဖြင့် အဝတ်အထည်များကို ပြည်သူများထံ ဖြန့်ဖြူးသွားရန် လမ်းညွှန်မှာကြားချက်နှင့်အညီ စက်မှုကုန်ကြမ်းသီးနှံစိုက်ခင်းများကိုစီမံကိန်းများ ချမှတ်အကောင်အထည်ဖော်လျက် ရှိကြောင်းဖြင့် အသေးစိတ်ဆွေးနွေးမှာကြားသည်။

စိစစ်သုံးသပ်

ဝန်ကြီးသည် ညနေပိုင်းတွင် ရွှေပန်းတောလေးရှိ ဝါစိုက်ပျိုးရေး စီမံကိန်း ကွပ်ကဲရေးရုံးသို့ ရောက်ရှိပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ဝါကောက်ရာသီ၌ ဝါများ အပြည့်အဝရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်၊ လာမည့်ဘဏ္ဍာနှစ်အတွက် ယခုနှစ်၏ ချို့ယွင်းချက်၊ အားနည်းချက်များကို စိစစ်သုံးသပ်၍ ယခုကပင် အစီအမံများ ရေးဆွဲဆောင်ရွက်သွားရေး ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကုဿာသယစေတီတော် ပြန်လည်မွမ်းမံမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

တန့်ဆည်မြို့နယ် ကျွန်းလည်ရွာ ရွှေမောင်းခံ မဟာကုဿာသယစေတီတော်မြတ်ကြီး ပြန်လည်မွမ်းမံမည်ဖြစ်ရာ လှူဒါန်းလိုသူများ အရှင်ကုဿာစက္က အမှတ်(၃)သင်္ဘော်ကျောင်း မဟာဂန္ဓာရုံ အမရပူရ ဖုန်း-၀၂-၇၀၁၅၉ (လိုင်းခွဲ-၃)၊ အရှင်ဉာဏောဘာသာလင်္ကာ ဓမ္မပါလဘုရားသုံးဆူ စာသင်တိုက် သဃ်န်းကျွန်း ရန်ကုန် ဖုန်း-၀၁-၅၇၁၁၂၆နှင့် ဘဒ္ဒန္တသေဩ အုပ်စုဥက္ကဌ ကျွန်းလည်ရွာ တန့်ဆည်မြို့နယ်တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ **(က-ပ)**

ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (၈၅)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲ ဖွင့်ပွဲမင်္ဂလာအခမ်းအနားတွင် သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများ လျှောက်ထားစဉ်။

(သတင်းစဉ်)

မြန်မာနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံအမတ်ကြီးအဖြစ် မစ္စတာနာဆီယာ၊ ဘိုချီရစ်အား ခန့်အပ်ရန်သဘောတူ

ရန်ကုန် ဖေဖော်ဝါရီ ၂၂

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရသည် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာတီယူဖစ်(ခ်)၊ အာဘာဒါ ၏နေရာတွင် မစ္စတာနာဆီယာ၊ ဘိုချီရစ်အား ခန့်အပ်ရန် သဘောတူလိုက်ပြီးဖြစ်သည်။

မစ္စတာနာဆီယာ၊ ဘိုချီရစ်သည် ၁၉၇၉ခုနှစ်တွင် အယ်လ်ဂျီးရီးယား(စ်)မြို့ အမျိုးသားစီမံခန့်ခွဲရေးသိပ္ပံမှ ဒီပလိုမာရရှိခဲ့ပြီး နိုင်ငံခြားရေးဝန်ကြီးဌာနသို့ ဝင်ရောက်အမှုထမ်းဆောင်ခဲ့သည်။ ၎င်းသည် ကိုနာကရီမြို့၊ ဘန်းမြို့နှင့် အော်တဝါမြို့များရှိ အယ်လ်ဂျီးရီးယားသံရုံးများတွင် လည်းကောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနတွင်လည်းကောင်း ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၀၄ခုနှစ် စက်တင်ဘာ ၃ ရက်မှစတင်၍ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အယ်လ်ဂျီးရီးယားသံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသည်။

မစ္စတာနာဆီယာ၊ ဘိုချီရစ်သည် ဟန်္နွိုင်းမြို့တွင် ရုံးစိုက်နေထိုင်၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်မည်ဖြစ်သည်။ ၎င်းသည် အသက်(၄၈)နှစ်အရွယ်ရှိပြီး အိမ်ထောင်သည်တစ်ဦးဖြစ်ကာ သားသမီးသုံးဦးရှိသည်။ **(သတင်းစဉ်)**

စာမျက်နှာ ၆ မှ

ယင်းကိုယ်စားလှယ် အစုအဖွဲ့တွင်ပါဝင်သော ချင်းပြည်နယ် ထန်တလန်မြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဒေါက်တာမှုထန်နှင့် ရှမ်းပြည်နယ် ရွာငံမြို့နယ် မဲဆန္ဒနယ်မှ တစ်သီးပုဂ္ဂလကိုယ်စားလှယ် ဦးအောင်သိန်းတို့က "အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရှင်းလင်းတင်ပြသွားသည့် စီမံခန့်ခွဲရေးကဏ္ဍနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့် အချက်(၁၁)ချက်နှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်ဥပဒေပြုစာရင်းတွင် ထည့်သွင်းဖော်ပြသင့်သည့်အချက်သုံးချက်တို့ကို အသေးစိတ်အခြေခံရမည့်မူများအဖြစ် ချမှတ်သင့်ပါသည်"ဟု ဆွေးနွေးတင်ပြသွားပါကြောင်း။

သီးခြားဆောင်ရွက်ခွင့်ပြုသင့်

ထို့အပြင် သီးခြားအကြံပြုချက်အနေဖြင့် "နိုင်ငံတော်သည် ခေတ်မီဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ မြို့ပြဒေသများတွင် စီးပွားကုန်သွယ်မှုလုပ်ငန်းများ၊ စက်မှုလက်မှုလုပ်ငန်းများ တိုးတက်များပြားလာမည်ဖြစ်ပါကြောင်း၊ မြို့ပြဒေသများတွင် လုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်ရန် လူအများပြောင်းရွှေ့ အခြေစိုက်နေထိုင်လာကြခြင်းကြောင့် လူဦးရေလည်း တိုးတက်များပြားလာပါကြောင်း၊ လူအများနေထိုင်ရေးကိစ္စနှင့် စပ်လျဉ်း၍ဖြစ်စေ၊ စီးပွားကုန်သွယ်လုပ်ငန်းဆောင်ရွက်ရန်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ စက်ရုံ၊ အလုပ်ရုံများတည်ဆောက်ရန်နှင့်စပ်လျဉ်း၍ဖြစ်စေ၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စများသည် မြို့ပြဒေသများတွင် ပေါ်ပေါက်လျက်ရှိသည်ကို တွေ့ရပါကြောင်း၊ အိမ်ငှား၊ မြေငှားဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သင့်သကဲ့သို့ တချို့ကိစ္စများကို တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း ဒေသအခြေအနေ၊ ခေတ်ကာလအခြေအနေများအရ ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ သီးခြားဆောင်ရွက်ခွင့်ပြုစေသင့်ပါကြောင်း။

ဆက်လက်၍ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အတွင်း အသင်းအဖွဲ့များနှင့်စပ်လျဉ်း၍ အကြံပြုတင်ပြဆွေးနွေးလိုပါကြောင်း၊ လွတ်လပ်သည့်နိုင်ငံတိုင်းတွင် နိုင်ငံသားများအနေဖြင့် အသင်းအဖွဲ့များကို ဖွဲ့စည်းတည်ထောင်ခွင့်၊ ကိုယ်တိုင်ကိုယ်ကျပါဝင်ဆောင်ရွက်ခွင့်များ ရှိကြရမည်ဖြစ်ပါကြောင်း၊ အသင်းအဖွဲ့များထဲတွင်လည်း ဘာသာရေးနှင့်ဆိုင်သော အသင်းအဖွဲ့များ၊ အားကစားနှင့်သက်ဆိုင်သော အသင်းအဖွဲ့များ၊ လူထုလူတန်းစား အသင်းအဖွဲ့များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ စသည်ဖြင့် အသင်းအဖွဲ့ပေါင်း မြောက်မြားစွာရှိလာကြမည်ဖြစ်ပါကြောင်း၊ အသင်းအဖွဲ့များဖွဲ့စည်းဆောင်ရွက်ကြသည့်အခါတွင် ပြည်သူများ၏ လုံခြုံရေးနှင့် အေးချမ်းသာယာရေး၊ အများပြည်သူ၏ ကိုယ်ကျင့်တရားကို မထိပါးစေရေးအတွက် နိုင်ငံတော်က တစ်ပြေးညီ ဆောင်ရွက်သင့်ပါကြောင်း၊ သို့ရာတွင် တချို့သော အသင်းအဖွဲ့များ ဖွဲ့စည်းခြင်းကိုမူ ပြည်ထောင်စုဥပဒေနှင့် မဆန့်ကျင်စေဘဲ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များကိုလည်း ခွဲဝေပေးပြီး ခွင့်ပြုစေသင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါသည်"ဟု အကြံပြုတင်ပြသွားပါကြောင်းဖြင့် ကောက်နုတ်တင်ပြသွားသည်။

ဖေဖော်ဝါရီ ၂၃ရက်ထုတ် သတင်းစာများ၌ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကိုကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏အဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှ၏ 'စီမံခန့်ခွဲရေးကဏ္ဍ'နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြချက်အပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်သည်။ (သတင်းစဉ်)

ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ ဝိနည်းစာတော်ပြန်ပွဲဖွင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင် သာသနာရေးဆိုင်ရာများ လျှောက်ထား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နှစ်စဉ်ကျင်းပမြဲဖြစ်သော ရန်ကုန်တိုင်း ရွှေကျင်ဂိုဏ်းလုံးဆိုင်ရာ (၈၅)ကြိမ်မြောက် ဝိနည်းစာတော်ပြန်ပွဲဖွင့်ပွဲ မင်္ဂလာအခမ်းအနားကို ယနေ့မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ ရွှေကျင်နိကာယ သာသနာလင်္ကာရ မဟာဓမ္မဗိမာန်တော်ကြီး၌ ကျင်းပသည်။

ဩဝါဒခံယူ

ရှေးဦးစွာ နိုင်ငံတော်ဩဝါဒါစရိယ ရွှေကျင်နိကာယဥပဥက္ကဋ္ဌ မဟာနာယက တွဲဖက်ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု ရွှေဟင်္သာတောရ သိရီမင်္ဂလာစံကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တရာဇိန္ဒာဘိဝံသထံမှ ပရိသတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဩဝါဒခံယူကြသည်။

ဆက်လက်၍ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရမြင့်မောင်က သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။

ကျင်းပမည်

အဆိုပါ စာတော်ပြန်ပွဲတွင် စာဖြေရဟန်းသံဃာတော် ၆၇၅ပါး ဝင်ရောက်ဖြေဆိုတော်မူကြမည်ဖြစ်ပြီး စာအောင်ဆုနှင်းသဘင်ကို တပို့တွဲလပြည့်နေ့တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကျေးရွာတိုင်း ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ထူထောင်ဖို့ ဝိုင်းဝန်းကူညီဆောင်ရွက်စို့။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ နိုင်ငံအဝန်းတွင် ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်(၁၂၉၈၉)တိုက် ဖွင့်လှစ်ပြီးဖြစ်ပါသည်။

ကျေးရွာကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များအတွက် သုတ၊ ရသ စာအုပ်များကို ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်၊ မြို့နယ်ရုံးများသို့ လှူဒါန်းနိုင်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန။

မိုးကုတ်ဝိပဿနာ ၁၀ရက်စခန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြောက်ဥက္ကလာပမြို့နယ် ည/ရပ်ကွက် ပုပ္ပား-၂ မိုးကုတ်ဝိပဿနာ ဓမ္မရိပ်သာကျောင်းတွင် လစဉ်တရားစခန်းပွဲ ဖွင့်လျက်ရှိရာ ယခု(၁၂၃)ကြိမ်မြောက် တရားစခန်းပွဲတွင် ပုပ္ပား-၂ ဆရာတော် ဘဒ္ဒန္တသောဘန(ဓမ္မာစရိယ၊ LL.B)နှင့် ပန်းချီဆရာကြီး ဦးလွန်းကြွယ်၊ ပုပ္ပား-၃ မိုးကုတ်ရိပ်သာ ဆရာတော်ဘဒ္ဒန္တဇာဂရ(ဓမ္မာစရိယ မဟာဓမ္မာစရိယ) တို့က ကျေးဇူးတော်ရှင် မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း ခန္ဓာဉာဏ်ရောက် သစ္စာဆိုက်အောင် ဟောကြားပြသမည်ဖြစ်သည်။ ယောဂီများအနေဖြင့် တပို့တွဲလပြည့်ကျော် ၃ရက် (ဖေဖော်ဝါရီ ၂၆ရက်) စနေနေ့ ညနေ အရောက်လာကြရန်နှင့် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၆၉၀၀၅၉သို့ ဖြစ်စေ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဆွမ်းတော်ကြီး ကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မင်္ဂလာတောင်ညွန့်မြို့နယ် မင်္ဂလာတောင်ညွန့်ရပ်ကွက် လမ်း(၁၁၀) ပဲခူးကျောင်းတိုက်အတွင်းရှိ အောင်ပြည်ငြိမ်းအေးစေတီတော်မြတ်၏ အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော်ကျင်းပလျက်ရှိရာ ဖေဖော်ဝါရီ ၂၂ရက်နှင့် ၂၃ရက် ညများတွင် ဆီမီးသုံးထောင်နှင့် ဆွမ်းတော်ကြီး ကပ်လှူပွဲနှင့် ထမနဲပွဲများ ကျင်းပပူဇော်မည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်ပွဲစည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်ရမည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် ကိုယ်စားလှယ်များ၏ တင်ပြချက်များ သဘာပတိအဖွဲ့ကရှင်းလင်းတင်ပြ

● ရှေ့ဖုံးမှ

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊ မြို(ခေါ်) ခမိအမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခြင်းခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်

တက်ရောက်

အမျိုးသားညီလာခံ အစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအားတွေ့ရစဉ်။

(သတင်းစဉ်)

တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြား ဖိတ်ကြားသင့်သည့်ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်လာသည့် ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားအဖွဲ့ (၁၇) ဖွဲ့အပါအဝင် အခြားအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

သမားကိုယ်စားလှယ်များ၊အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များနှင့်အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့မှ ကိုယ်စားလှယ်များသည် အမျိုးသားညီလာခံစုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ၏နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

ဆောင်ရွက်

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိအဖြစ် အလုပ်သမားကိုယ်စား

အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး(အစည်းအဝေး) ဦးသန်းအောင်က ဆောင်ရွက်ပြီး တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကြည်က ဆောင်ရွက်သည်။

စတင်ကျင်းပ

ရှေးဦးစွာ အခမ်းအနားမှူးက အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၈၁ ဦးရှိပြီး ၁၀၇၁ ဦးတို့ တက်ရောက်လာသည့်အတွက် ၉၉ ဒသမ ၀၇ ရာခိုင်နှုန်းရှိသဖြင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမစတင်မီ နံနက် ၇နာရီခွဲမှစတင်၍ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁)ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ၊ အလုပ်လှယ်များအစုအဖွဲ့မှဒေါက်တာမျိုးသန့်တင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီအဖွဲ့ဝင် ဦးမျိုးသန့်(မောင်ဆုရှင်)၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးယောအေးလှ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ) ဦးလှမြင့်၊ တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေး၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှဒေါက်တာဦးသိန်းဦးဘိုးစော၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့မှ ဦးထွန်းအောင်ချိန်တို့က ဆောင်ရွက်ကြသည်။

၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံစုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ထို့နောက် စုံညီအစည်းအဝေး အစီအစဉ်အရ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စားအလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစု အဖွဲ့မှ ဦးထွန်းရင်လောက 'စီမံခန့်ခွဲရေးကဏ္ဍ'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင်ဦးထွန်းရင်လော၏ ရှင်းလင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမားကိုယ်စားလှယ်များ ဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ ဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်

အမျိုးသားညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြစဉ်။

(သတင်းစဉ်)

တင်ပြချက်ကို သီးခြားဖော်ပြထားပါသည်။)

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံ ရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှက 'စီမံခန့်ခွဲရေးကဏ္ဍ'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင်ဦးယောအေးလှ၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် စုံညီအစည်းအဝေးကို နံနက်၁၀နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အတွက် အသေးစိတ်အခြေခံရမည့် မူများချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏အကြံပြုတင်ပြ ချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ အစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်က 'တရားစီရင်ရေးကဏ္ဍ'နှင့် 'ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာ'တို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး နေ့လယ်စာ သုံးဆောင်ရန် စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဦးမောင်လှ(ခ)ဦးလှမြင့်၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ခေတ္တရပ်နား

ထို့နောက် စုံညီအစည်းအဝေးကို မွန်းလွဲ ၁ နာရီတွင် ပြန်လည်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံ ဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အတွက် အသေးစိတ်အခြေခံရမည့် မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေးက 'ပြည်ထောင်စု တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး'နှင့် 'ပြည်ထောင်စု နယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာ'တို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး စုံညီအစည်းအဝေးကို ခေတ္တရပ်နားသည်။

(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဦးမြအေး၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ယင်းနောက် စုံညီအစည်းအဝေးကို မွန်းလွဲ ၂နာရီတွင် ဆက်လက်ကျင်းပရာ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံ ရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များ ကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိ အလုပ်သမား ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က 'လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(အလှည့်ကျ သဘာပတိ ဒေါက်တာမျိုးသန့်တင်၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ဆက်လက်၍ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှု အပိုင်းအတွက် အသေးစိတ်အခြေခံ ရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျ သဘာပတိအဖွဲ့၏ အဖွဲ့ဝင် အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ အစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောက 'ဘဏ္ဍာရေးကော်မရှင် ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဒေါက်တာဦးသိန်းဦးဘိုးစော၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

ထို့နောက် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ် အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိ အဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက'ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း' နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရပ်နားလိုက်သည်။

(အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ဗိုလ်ချုပ်အောင်သိမ်း၏ ရှင်းလင်းတင်ပြချက်ကို ဆက်လက်ဖော်ပြသွားပါမည်။)

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်း အတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ရေးနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် အစုအဖွဲ့အသီးသီးမှ အမျိုးသားညီလာခံ သဘာပတိအဖွဲ့ဝင်များနှင့် တွေ့ဆုံညှိနှိုင်းအစည်းအဝေးနှင့် ကိုယ်စားလှယ်အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများကို ဖေဖော်ဝါရီ ၂၂ ရက်တွင် သတ်မှတ်နေရာ အသီးသီးတို့၌ ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီရုံး ညွှန်ကြားရေးမှူး (အစည်းအဝေး) ဦးသန်းအောင်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် ဒုတိယ ညွှန်ကြားရေးမှူး ဦးအောင်ကြည်တို့ ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် သဘာပတိနှင့် သဘာပတိအဖွဲ့ဝင်များအား တွေ့ရစဉ်။ (သတင်းစဉ်)

တက်ရောက်

အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော အမျိုးသားညီလာခံကိုယ်စားလှယ်များအားတွေ့ရစဉ်။ (သတင်းစဉ်)

အလှူများမင်း အလင်းများခေါင်

(က)

မြန်မာတို့၏ ဉာဏ်ရည်သည် လဲ့လဲ့ကြည်ဝင်းဖန့်စွာ ရှင်းသန့်လင်းလက်ခဲ့ကြောင်း သက်သေပေါင်း အများအပြား ထင်ရှားသမိုင်းတင်ခဲ့ပြီ။

ပထမ မြန်မာနိုင်ငံတော်ကြီးကို စတင်တည်ထောင်သည့် အနော်ရထာမင်းတရားလက်ထက် ခရစ်နှစ် ၁၀၅၈၌ ဆောက်လုပ်ပြီးစီးခဲ့သော 'အနော်ရထာပိဋကတ်တိုက်ကြီး'သည် သုတကို ပြန့်ပွားစေ၍ ပညာကို မြတ်နိုးစေသည့် မြန်မာ့ပထမဦးဆုံး စာကြည့်တိုက်ကြီးအဖြစ် သမိုင်းတင်ခဲ့၏။ ယင်းပိဋကတ်တိုက် အဆောက်အအုံသည် လေးထောင့်စပ်စပ် တည်ရှိ၍ ပေ၆၀အမြင့်ရှိပြီး မိုးရေလျှော အုတ်ပြာသာဒ် ဘုံငါးဆင့် အမိုးအောက်ဝယ် ၅၁စတုရန်းအကျယ်ရှိကာ မျက်နှာစာအဝင် တံခါးမကြီး သုံးပေါက်နှင့် ကျန်သုံးမျက်နှာ လေသာကျောက်ဆစ်ပြတင်းများ ခံ့ညားလှပစွာ တည်ရှိလေ၏။ (ပြန်ကြားရေးဝန်ကြီးဌာနမှထုတ်ဝေသော စာကြည့်တိုက်နှင့် သုတပညာစာအုပ်၊ စာ ၃၃၀။)

အခိုင်အခံ့တည်ဆောက်ထားသော ယင်းပိဋကတ်တိုက်ကြီးသည် ပေပုရပိုက်များ စုဆောင်းသိုမှီးထားရာ သာမက ထိုပေပုရပိုက်များမှ ဉာဏ်ရည်အနှစ်ထုတ်ယူရာ စက်ရုံကြီးအဖြစ်လည်းကောင်း၊ ဉာဏ်ရည်အနှစ်ပေးဝေရာ အလှူမဏ္ဍပ်ကြီးအဖြစ်လည်းကောင်း ဖြစ်တည်ခဲ့မည်မှာ စိုးစဉ်းမျှ လျှို့ဝှက်ဖွယ်မရှိပါ။ ထို့ကြောင့် ထိုပိဋကတ်တိုက်ကြီးကို အကြောင်းပြုလျက် ရဟန်း၊ မင်း၊ ပြည်သူဟူသော တြိဂံမျက်နှာပြင် သုံးဘက်လုံး ဉာဏ်ရည် လက်လက်ပြိုးပြက်တောက်ပခဲ့ရပါသည်။

ထို့ပြင် ဓမ္မရာဇာမည်သော ကျစွာမင်းတရား (၁၂၃၄-၁၂၅၀) လက်ထက်၌လည်း ပိဋကတ်တိုက်တစ်ဆောင်ကို ကျောက်အုတ်ဖြင့် တည်ဆောက်ကာ ပြည်သူများ သုတပြန့်ပွား၍ ပညာရည်မြင့်မားအောင် မြှင့်အားတင်ပေးခဲ့ပါသည်။ ထို့ကြောင့် ပထမမြန်မာနိုင်ငံတော်ကြီးမှစ၍ မြန်မာတို့သည် သုတအရာ၊ ပညာအရာတို့၌ လောကီရေးသာမက အခြား နိုင်ငံများထက် လောကုတ္တရာရေးများမှာပင် ကဲသာမိုမောက်ခဲ့ကြောင်း လယ်ပြင် ဆင်သွား ထင်ရှားခဲ့ပါ၏။

ထိုမှ ခေတ်အဆက်ဆက် ဖြတ်သန်းလာခဲ့ပြီး ကုန်းဘောင်ဆက် ပဉ္စမမြောက် ဗဒုံမင်း(ဘိုးတော်မင်းတရား)လက်ထက်၌ အင်းဝရောက် အင်္ဂလိပ်သံအမတ် မိုက်ကယ်ဆိုင်းက သူ၏ ခရီးသွားမှတ်တမ်းစာအုပ် (An Account of an Embassy to the Kingdom of Ava.)၌ "မြန်မာနိုင်ငံတော်၏ပြည့်ရှင် ဘုရင်မင်းမြတ်ဖြစ်သော ဗဒုံမင်းတရားဘိုးတော်ဦးဝိုင်းသည် ဒနုဘိမြစ်ကမ်းမှ စိန(တရုတ်)ပြည်ကြီး အစွန်အဖျားတိုင်အောင် ကမ္ဘာတစ်ခွင်ရှိ ထီးဖြူဆောင်းချင်း မင်းအသီးသီးတို့၏ ပိဋကတ်တိုက်အဝဝတို့ထက် စာအုပ်များပြားလှသော ပိဋကတ်တိုက်တော်ပိုင်ရှင် ဖြစ်လေရာ၏"ဟူ၍ တအံ့တသြ မှတ်တမ်းတင်ခဲ့ရသည်အထိ မြန်မာ့သုတ၊ မြန်မာ့ပညာကို လေးစားတန်ဖိုးထားခဲ့လေ၏။

ယင်းသို့ သုတပြန့်ပွား ပညာမြင့်မားခဲ့ကြသည့် မြန်မာတို့သည် နယ်ချဲ့လက်အောက် ကျွန်သပေါက် ပြားမှောက်ခဲ့ရသော ကာလတစ်ချိုးတစ်ကွေ့သည်မှာဘက်တွင်မူ နယ်ချဲ့စနစ်ကြောင့် သုတဝေဝါး ပညာမှုန်မွှားခဲ့ကြရပြီး အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ နိုင်ငံ့ဂုဏ် အလုံးစုံ မှိုင်းမှုန်မှိန်မှေးခဲ့ရသည်မှာလည်း သမိုင်းသက်သေဖြစ်ပါ၏။

တစ်ဖန် လွတ်လပ်ရေးရလာပြီးသော သည်မှာဘက် ခေတ်အဆက်ဆက် အစိုးရအဆက်ဆက်တို့အနေဖြင့် နိုင်ငံသားများ ပညာသုတကြွယ်ဝရေး အားပေးခဲ့ကြကုန်သော်လည်း တိုင်းပြည် တည်ငြိမ်အေးချမ်းအောင် ရှက်ဆောင်နိုင်စွမ်းနုန့်နဲ့ခဲ့သောကြောင့် ထင်သလောက် ခရီးမပေါက်ခဲ့သည်မှာလည်း သမိုင်းသက်သေပင် ဖြစ်ပါ၏။

ဥပမာတစ်ခု ဆောင်ပြရပါလျှင် ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင်၌ မြို့နယ်၁၁မြို့နယ်ရှိရာဝယ် အစိုးရ ပြန်ကြားရေး စာကြည့်တိုက်သုံးတိုက်မျှသာ ဖွင့်လှစ်နိုင်ခြင်း ဖြစ်ပါ၏။ လွိုင်လင်မြို့နယ်၊ ကျေးသီးမြို့နယ်၊ မိုးနဲမြို့နယ်တို့ ဖြစ်ပါကုန်၏။

ယနေ့ တပ်မတော်အစိုးရ တက်ရောက်လာပြီး သည်မှာဘက် ကာလများ၌သော်မူ ပျက်ပြားယိုယွင်းလာနေသော နိုင်ငံကို နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် တိတိကျကျ ရည်မှန်းချက် မိမိရရဖြင့် လမ်းမှန်ပေါ်သို့ တင်ပေးနိုင်ပြီးနောက် နယ်စပ်ဒေသမချန်၊ ကျေးလက်ဒေသမချန် ကျန်မနေရစ်ရစေဘဲ အားသစ်မာန်ထား ကြိုးစားမြှင့်တင်လျက်ရှိသည်တို့တွင် "တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး"ဟူသည့် ဦးတည်ချက်၌ အကျုံးဝင်သော ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ပြန်ကြားရေးဝန်ကြီးဌာန စသည့် ဝန်ကြီးဌာနတို့သည် ကဏ္ဍအလျောက် တိုးတက်မြင့်မားအောင် ကြိုးစားအားထုတ်လျက် ရှိကြသည်များမှ ပြန်ကြားရေးဝန်ကြီးဌာန၏ လက်ရည်တက်နေပုံ အဟုန်မြင့်စွာ မြင်ကြားသိရှိလာကြရပါကုန်၏။

(ခ)

"နိုင်ငံတော်အကြီးအကဲက အစဉ်သင်ယူနေသည့် မြန်မာ့လူ့ဘောင်ဖြစ်အောင် အစဉ်တစိုက် ကြိုးပမ်းကြရန် လမ်းညွှန်မှာကြားထားကြောင်း။

"ပြန်ကြားရေးဝန်ကြီးဌာနသည် မီဒီယာပိုင်းအနေဖြင့် ပြည်သူလူထုအသိအမြင်၊ ပညာဗဟုသုတ ကြွယ်ဝရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် နိုင်ငံတော် လူဦးရေ၏ ၇၀ရာခိုင်နှုန်းသော ကျေးလက်ပြည်သူများ စာပေကို အလွယ်တကူ လက်လှမ်းမီစွာ လေ့လာဖတ်ရှုသည့် အလေ့အကျင့်များ ကျယ်ပြန့်လာစေရန် တီဗွီ၊ ရေဒီယို ကြည့်ရှုနားထောင်သည့် အလေ့အကျင့်များ ဖြစ်ပေါ်စေရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း။

"ယင်းသို့ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် တိုးတက်အောင်မြင်မှုများ ရရှိလာသည်ကိုတွေ့ရကြောင်း"

၂၀၀၄ ဒီဇင်ဘာလ ၃ ရက် မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်များအတွက် စတုတ္ထအကြိမ် စာအုပ်၊ စာစောင် ငွေပဒေသာပင်လှူဒါန်းပွဲ အခမ်းအနားဝယ် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြောကြားသော အမှာစကား ကောက်နုတ်ချက် ဖြစ်ပါသည်။

အမှန်တော့ 'ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်'ဟူသော ဝေါဟာရသည် ယနေ့ကာလတွင်မှ ဟိန်းဟိန်းမြည်အသံဖြစ်လာရ၏။ ယခင်ကာလများတုန်းက ကြားပင်မကြားစဖူးခဲ့ကြ။ ယေဘုယျပြောရလျှင် ယခင်ကာလများတုန်းက အစိုးရ ပြန်ကြားရေးစာကြည့်တိုက်သာ မြို့များ၌ ရှိခဲ့၏။ စာပေဝါသနာကြီးသူအချို့၏ ကိုယ်ပိုင်စာကြည့်တိုက်လေးများ မြို့အချို့၌ ရှိခဲ့၏။ ရန်ကုန်၊ မန္တလေး အပါအဝင် တိုင်းမြို့တော်များ၊ ပြည်နယ်မြို့တော်များ၌သာ သုတပညာ ပွားရာပွားကြောင်း စာကြည့်တိုက်တွေ ရှိခဲ့ကြ၏။ ကျေးရွာဟူသည် ဘေးမှာသာရှိခဲ့ပြီး ကျေးလက်ဟူသည် ဘေးထွက်ပစ္စည်းတစ်မျိုး လောက်သာဟုဆိုလျှင် လွန်သွားရာရောက်လေမည်လား။

ကျေးရွာများမှ အနည်းဆုံးသော ရာခိုင်နှုန်းအရ ပုဂ္ဂိုလ်အချို့သာ ပညာပြည့်ဝ နှလုံးလှကြကာ လူကြီးများ ဖြစ်ခဲ့ကြရ၏။ ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် နိုင်ငံတော်၏ ကြီးလေး၍ နက်ရှိုင်းသော တာဝန်များကို တစ်ဖက်၌ထမ်းရင်း တစ်ဖက်၌ ကိုယ့်ရွာ၊ ကိုယ့်နယ်အကျိုးအတွက် တတ်အားသမျှ ပြန်လည်ကြည့်ရှုတတ်သူ လူကြီးများကို တွေ့မြင်လာရ၏။ ပုဂ္ဂိုလ်အရ၊ ဌာနတာဝန်အရ၊ နိုင်ငံ့တာဝန်အရ အဘက်ဘက်ကြည့်ရှုချီးမြှင့်တတ်သူ လူကြီးများကို တွေ့မြင်လာရ၏။ နိုင်ငံအတွက် အလှမြင်ကွင်းဟု ခံယူပါသည်။

ရတနာစည်ဆရာတော်(လွိုင်လင်)

သို့ဖြင့် ယနေ့ တပ်မတော်အစိုးရလက်ထက်တွင် ကျေးလက်သည် မြို့ပြသဖွယ်၊ မြို့ပြသည် မြို့ပြကြီးသဖွယ် တိုးတက်လာခဲ့သည်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က တစ်နိုင်ငံလုံးကို လွှမ်းခြုံကာ လိုအပ်ရာရာများ လိုအပ်သလို ဖြည့်ဆည်းပေး၊ လမ်းညွှန်ပေးနေခြင်းကြောင့် ယနေ့ တပ်မတော်ခေတ် ဆယ့်ခြောက်နှစ်သည် လွတ်လပ်ရေးခေတ် နှစ်လေးဆယ်ထက် အဆလေးဆယ်မက တိုးတက်ဖွံ့ဖြိုးလျက် ရှိနေလေပြီ။

ယခုအခါဝယ် နိုင်ငံတော်အကြီးအကဲ၏ ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ်(၅)ရပ် လမ်းညွှန်ချက်၌ အကျုံးဝင်သော 'ကျေးရွာ ကိုယ့်အားကိုယ်ကို စာကြည့်တိုက်' အသံသည် နဘံမြည်ဟိန်းလာနေလေ၏။ ပြန်ကြားရေးဝန်ကြီးဌာန၏ သွက်လက်သော စီမံချက်များကြောင့် ယင်းစာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် စာအုပ်စာပေ အလှူရှင်များ၊ ငွေပဒေသာပင် အလှူရှင်များ တိုးပွားလာလျက် ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ တစ်တိုက်ပြီး တစ်တိုက်၊ တစ်ရွာပြီးတစ်ရွာ ဖြစ်ထွန်းလာလျက်ရှိနေသည်။

ယခုအခါ ကျေးရွာများ၌ မူလတန်းကျောင်းများ အများအပြား တိုးချဲ့ဖွင့်လှစ်နိုင်ခြင်း၊ သက်ကြီးစာတတ်မြောက်ရေးလှုပ်ရှားမှုများ နယ်စပ်ဒေသအထိ ဖြန့်ကြက်ဆောင်ရွက်နိုင်ခြင်းတို့ကြောင့် တိုင်းရင်းသားများ မြန်မာစာကျွမ်းဖို့ ရေကန်အသင့် ကြာအသင့် အနေအထားရောက်လာနေပြီဟု သုံးသပ်နိုင်၏။ သက်ကြီးစာတတ်မြောက်သူများအနေဖြင့် စာကျွမ်းဖို့အတွက် စာများများ ဖတ်နိုင်သည့် အနေအထားရောက်လာနေပြီဟု သုံးသပ်နိုင်၏။

အမှန်တော့ စာအုပ်၏တန်ဖိုးကို ဘယ်နှရာ၊ ဘယ်နှထောင်ဟု သတ်မှတ်နိုင်သော်လည်း ယင်းစာအုပ်ပါ စာ၏တန်ဖိုးကိုမူ တန်ဖိုးဖြတ်မရချေ။ စာအုပ်ပါ စာတစ်ဝါကျ၊ စာတစ်ပိုဒ်က လူမိုက်ကို လူလိမ္မာ ဖြစ်လာစေနိုင်သောကြောင့်၊ လူရိုင်းကို လူယဉ်ဖြစ်လာစေနိုင်သောကြောင့်၊ လူမှောင်ကို လူလင်း ဖြစ်လာစေနိုင်သောကြောင့် ဖြစ်၏။ ယင်းအဆိုကို ဥဒါဟရုဏ်တစ်ခု ထုတ်ပြပါဆိုလျှင် တိုင်းသိပြည်သိ မူလသဲအင်းဂူဆရာတော်ကြီးနှင့် တိုင်းသိပြည်သိ ဒကာကြီး ဦးအုံးဖေ (ပခုက္ကူ)တို့ကိုသာ ရှုပါတော့ဟု ဥဒါဟရုဏ်နှစ်ခုပင် ထုတ်ပြအပ်ပါသည်။

ထို့ကြောင့် စာတန်ဖိုးသည် အလျားမရှိ၊ အနံမရှိ၊ တန်ဖိုးဖြတ်စံမရှိ ဖြစ်ရကား ယင်းစာများ သိုမှီး၍ဖြန့်ဝေရာ ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ ဖွင့်လှစ်နိုင်အောင် အားပေးလှူဒါန်းကြသူ စေတနာရှင်များ၏ ပညာအလှူသည် အလှူများမင်း မည်ပါလေတော့၏။

အလှူများမင်း မည်ပါသော ယင်းပညာအလှူနှင့် စပ်လျဉ်း၍ တတိယအကြိမ်အထိ ငွေပဒေသာပင် အလှူငွေမှာ ကျပ် ၅၉၂၆၀၀၀ဖြစ်ပြီး စာအုပ်ပေါင်းမှာ ၅၅၇၂၅အုပ် ဖြစ်ပါ၏။

(ဂ)

ယခုစတုတ္ထအကြိမ်၌မူ အလှူငွေ ကျပ်ရှစ်ဆယ့်ခြောက်သိန်း ခုနစ်ထောင်နှင့် စာအုပ်စာစောင်ပေါင်း ၅၃၃၃၄အုပ် (တန်ဖိုးငွေကျပ် ၁၁၄၇၀၁၆၅ကျပ်) ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုးမှာငွေ ၂၀၀၇၇၄၆၅ကျပ်ဖြစ်ကြောင်း သိရှိကြရ၏။ ဝမ်းမြောက်နမော် သာခုခေါ်ပါကုန်၏။

ယင်းငွေသား၊ စာအုပ်စာစောင်များနှင့်တကွ နိုင်ငံတော်၏ ပံ့ပိုးမှုအပါအဝင် ပြန်ကြားရေးဝန်ကြီးဌာန၏ သွက်လက်စွာ အကောင်အထည်ဖော်နိုင်မှုတို့ကြောင့် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၅ ရက်နေ့အထိ ဖွင့်လှစ်ပြီးသော ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်ပေါင်းမှာ ၁၂၉၈၉ ဖြစ်ကြောင်း သိရှိကြရ၏။ ပီတိသိမ့်သိမ့် နှလုံးစိမ့်ကြရပါကုန်၏။

ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ နိုင်ငံတစ်ဝန်းဖွင့်လှစ်နိုင်ရေး စတုတ္ထအကြိမ်အလှူပွဲ၌ ဟိုတယ်လုပ်ငန်းရှင်များ၏ အလှူငွေကျပ် သိန်းငါးဆယ်ကို အသင်းဥက္ကဋ္ဌ ဒေါက်တာခင်ရွှေကလည်းကောင်း၊ အခြားသော အလှူငွေများကို ထိုထိုစေတနာရှင်များကလည်းကောင်း၊ သတင်းနှင့်စာနယ်ဇင်း လုပ်ငန်း(ရုံးချုပ်)နှင့် သတင်းစာတိုက်များမှ လှူဒါန်းသော သုတစာအုပ် ၁၅၀၀ကို လည်းကောင်း အသီးသီးလှူဒါန်း ကြရာ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်တို့က အသီးသီး အသက အသက ကြည်စွဝမ်းသာ မုဒိတာမေတ္တာလက်ဖြင့် လက်ခံခဲ့ကြပါကုန်၏။

အလှူများမင်းဟု ဆိုအပ်သော ယင်းပညာဒါနကို အကြောင်းပြုလျက် အလင်းများခေါင်ဟု ဆိုအပ်သော ဉာဏ်အလင်းဖြင့် စာကြည့်တိုက်အရိပ်ခိုသူ အားလုံး အမှားနှင့်အမှန် ဝေဖန်ပိုင်းခြားနိုင်စွမ်း၊ အဆိုးရှောင်ကြဉ် အကောင်းယှဉ်နိုင်စွမ်း၊ အမျိုးဘာသာသာသနာ အကျိုးပြုနိုင်စွမ်းများ လျှမ်းလျှမ်းတောက်ထွန်းပလာတော့မည်သာဖြစ်သကဲ့သို့ အမြင်မှန်၊ ကိုးကွယ်မှန်၊ အကျင့်မှန်

နိုင်ငံတော် အကြီးအကဲကိုယ်တိုင်က တစ်နိုင်ငံလုံးကို လွှမ်းခြုံကာ လိုအပ်ရာရာများ လိုအပ်သလို ဖြည့်ဆည်းပေး၊ လမ်းညွှန်ပေးနေခြင်းကြောင့် ယနေ့ တပ်မတော်ခေတ် ဆယ့်ခြောက်နှစ်သည် လွတ်လပ်ရေးခေတ် နှစ်လေးဆယ်ထက် အဆလေးဆယ်မက တိုးတက်ဖွံ့ဖြိုးလျက် ရှိနေလေပြီ။

ကြည့်ပါ၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး၏ အမှာစကားပါ ကိန်းဂဏန်းများအရ ကျေးရွာအုပ်စု ၁၄၃၁၀တွင် ပါဝင်သော ကျေးရွာအားလုံးတို့၌ ကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ ဖွင့်လှစ်ပြီး ဖြစ်သလို ၂၀၀၅ခုနှစ်အတွင်း ကျေးရွာအုပ်စု ၃၀၆၈တွင် ကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ ဖွင့်လှစ်နိုင်အောင် ကြိုးပမ်းလျက်ရှိကြောင်း သိရှိရပါ၏။ ၂၀၀၅-၂၀၀၆ခုနှစ်တွင်မူ တစ်နိုင်ငံလုံးရှိ ကျေးရွာအားလုံး ခြောက်သောင်းကျော်၌ ကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ အပြီးအစီး ဖွင့်လှစ်နိုင်အောင် ဖွဲ့ဆောင်မာန်မြင့် လုံ့လပင့် အားနှင့်အင်နှင့် ကြိုးစားလျက်ရှိကြပါကုန်၏။

ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီးက အားသုံးအားကို ထည့်သွင်းပြောကြားသွားရာ ယင်းအားသုံးအားမှာ နိုင်ငံတော်အစိုးရ၏အား၊ စေတနာရှင်များ၏ အားနှင့် ကျေးလက်ဒေသပြည်သူတို့၏အား ဖြစ်၏။

နိုင်ငံတော်အစိုးရက ငွေကြေးအင်အား ပံ့ပိုးပေး၏။ စေတနာရှင်များက စာအုပ်နှင့် ငွေကြေး လှူဒါန်းပေး၏။ ဒေသခံ ကျေးရွာလူထုက ဝမ်းမြောက်ဝမ်းသာ ခံယူအားကို ပေးအပ်ကြရမည်ဖြစ်၏။ 'တို့ရွာအတွက်လုပ်ပေးတာ၊ တို့တစ်တွေ အမြင်ကျယ်ဖို့ လုပ်ပေးတာ'ဟု အသိရှိရှိ ခံယူတတ်ဖို့လို၏။ ခံယူအား မြှင့်ထားရမည်ဖြစ်၏။ အားသုံးရပ်ပေါင်းစပ်ပြီး စာကြည့်တိုက်ဖွင့်လှစ်ရုံမျှ အမည်ခံမဖြစ်စေဘဲ စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲအောင်၊ စာကြည့်တိုက် စည်နေအောင်ကြိုးပမ်းကြရမည် ဖြစ်၏။

နိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာနက စီမံချက်ရှိရှိဖြင့် ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ ဖွင့်လှစ်နိုင်ရန် နိုင်ငံတစ်ဝန်း ဝန်ကြီးဌာနလက်အောက်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများအား တာဝန်ပေးထားကာ တက်ကြွစွာ လှုပ်ရှားစေလျက်ရှိသည့်နည်းတူ ဒေသခံကျေးလက် လူထုကလည်း နိုင်ငံတော်၏ စေတနာကို ကောင်းစွာ နားလည်ဖို့၊ စာပေတန်ဖိုးကို မြတ်နိုးတတ်ဖို့ အထူးလိုအပ်ပါ၏။

တို့ကြောင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ဟူသော အလင်းများခေါင်အထိ အကျိုးရှိလာတော့မည်မှာ မုချကေန် ဖြစ်ပါတော့၏။

(ဃ)

ဤအရှင်တို့ သီတင်းသုံးရာ ရှမ်းပြည်နယ်(တောင်ပိုင်း)၌ ယခုအခါဝယ် ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်များ ဖွင့်လှစ်ပွဲသတင်းတို့ကို မကြာမကြာ ကြားသိနေရပါကုန်၏။ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်မောင်မြင့်ကိုယ်တိုင် စိတ်ဝင်တစားအားပေးချီးမြှောက်မှု၊ လွိုင်လင်ခရိုင်ဥက္ကဋ္ဌ၏ အနီးကပ်ကြီးကြပ်မှု၊ လွိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး၏ လုံ့လသန်မှု၊ ဆိုင်ရာမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးများ၏ အားထည့်မှုများကြောင့် ယခုအခါဝယ် လွိုင်လင်ခရိုင် ၁၁မြို့နယ်အတွင်း ကျေးရွာကိုယ့်အားကိုယ်ကို စာကြည့်တိုက်ပေါင်း ၇၀အထိ ဖွင့်လှစ်ပြီးခဲ့လေပြီ။

ကိန်းဂဏန်း တိကျစွာရေးသားရပါလျှင် လွိုင်လင်မြို့နယ်၌ ၅တိုက်၊ ပင်လုံမြို့၌ ၅တိုက်၊ လဲချားမြို့နယ်၌ ၈တိုက်၊ မိုင်းကိုင်-၅၊ နမ့်စန်-၄၊ ကျေးသီး-၈၊ မိုင်းရှူး-၂၊ မိုင်းနောင်-၁၊ လင်းခေး-၅၊ မိုးနဲ-၁၇၊ ကွန်ဟိန်း-၇၊ မောက်မယ်-၃တို့ ဖြစ်ကြပါကုန်၏။

ထိုမှတစ်ပါး လွိုင်လင်ခရိုင် လွိုင်လင်စာကြည့်တိုက်မှာ ကွန်ပျူတာစာဖတ်ခန်းရှိလာသောကြောင့် ကွန်ပျူတာဖြင့် ဖတ်ရသည့် သုတစီဒီရွှမ်အချပ်ပေါင်း ၁၀၀၀ကို နိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက လှူဒါန်းခဲ့ပါသည်။

ထို့ပြင် အထူးနိုးကြားတက်ကြွလာကြသော စာပေဝါသနာရှင်၊ စာပေစေတနာရှင်များကလည်း အသီးသီး ကိုယ်ပိုင်စာကြည့်တိုက်ငယ်များ ဖွင့်လှစ်

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

မိတ္ထီလာမြို့နယ်လုံးကျွတ် သောက်သုံးရေရရှိမှုအထိမ်းအမှတ်ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့် အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာန ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့သည် ဖေဖော်ဝါရီ ၁၉ ရက် နံနက် ၁၁ နာရီတွင် မန္တလေးတိုင်း မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ်လုံးကျွတ် ကျေးရွာအားလုံး သန့်ရှင်းသော သောက်သုံးရေရရှိမှုအထိမ်းအမှတ်ဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

စက်ခလုတ်နှိပ်ဖွင့်

ရှေးဦးစွာ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့် ဝန်ကြီး ဗိုလ်မှူးကြီးသိန်းညွန့်တို့က ဖွင့်ပွဲကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က မြို့နယ်လုံးကျွတ် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေရရှိမှု အထိမ်းအမှတ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနားကို မိတ္ထီလာမြို့ ကန်တော်မင်္ဂလာခန်းမ၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်က တိုင်းအတွင်း ရေရရှိရေး ဆောင်ရွက်ရာတွင် စည်ပင်သာယာရေးအဖွဲ့များနှင့်လူမှုရေးအသင်းအဖွဲ့များ စုပေါင်း ဆောင်ရွက်ခဲ့မှုအခြေအနေ၊ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဆင့်ဆင့်မှကြီးကြပ်ပံ့ပိုးပေးနိုင်မှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေး

ထို့နောက် ဝန်ကြီး ဗိုလ်မှူးကြီး သိန်းညွန့်က အမှာစကားပြောကြားရာတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ကျေးလက် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတာဝန်ကြီး(၅)ရပ် အနက် မိမိတို့ဝန်ကြီးဌာနက ကျေးလက်ဒေသလမ်းများ တိုးတက်ကောင်းမွန်စေရေးနှင့် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေး စသည့် လုပ်ငန်းတာဝန်ကြီးနှစ်ရပ်ကို ဆောင်ရွက်လျက်ရှိကြောင်း၊ သန့်ရှင်းသော သောက်သုံးရေရရှိစေရန် အပူပိုင်းဒေသ တိုင်းသုံးတိုင်းနှင့် အခြားပြည်နယ်နှင့် တိုင်းတို့တွင် (၁၀)နှစ်စီမံကိန်းချမှတ်ဆောင်ရွက်နေကြောင်း၊ စီမံကိန်းများ ဆောလျင်စွာပြီးစီးရေး အတွက်နိုင်ငံတော် ဘဏ္ဍာငွေ၊ စည်ပင်သာယာရေးရန်ပုံငွေ၊ အလှူရှင်များ လှူဒါန်းငွေများကို အသုံးပြုပြီး ဆောင်ရွက်နေကြောင်း၊ မန္တလေးတိုင်းမှ မြစ်သားမြို့နယ်၊ ကျောက်ဆည်မြို့နယ်၊ မြင်းခြံမြို့နယ်၊ စဉ့်ကိုင်မြို့နယ်၊ တံတားဦးမြို့နယ်၊ မတ္တရာမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဝမ်းတွင်းမြို့နယ်၊ သာစည်မြို့နယ်၊ အမရပူရမြို့နယ်၊ မိတ္ထီလာမြို့နယ် စုစုပေါင်း ၁၁ မြို့နယ်တို့၌ မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ရရှိပြီးဖြစ်ကြောင်း၊ မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် အနေဖြင့်(၁၀) နှစ် စီမံကိန်းအရ ကျေးရွာအုပ်စု ၅၈အုပ်စု၊ ကျေးရွာပေါင်း ၃၇၉ ရွာတွင် သန့်ရှင်းသောသောက်သုံးရေရရှိရေး ဆောင်ရွက်ပေးပြီးဖြစ်ကြောင်းနှင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာအားလုံးရေရရှိပြီးဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။

ထို့နောက် မိတ္ထီလာမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးဆန်းဝင်းက မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေရရှိရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။ **(သတင်းစဉ်)**

မဟာမင်္ဂလာရုံစာသင်တိုက် ဓမ္မပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သန်လျင်မြို့ မဟာမင်္ဂလာရုံပရိယတ္တိစာသင်တိုက်အတွင်း ရွှေဥရတနာလေးထပ်ရွှေကျောင်းတော်ကြီးတွင် ရန်ကုန်မြို့ လသာမြို့နယ် မဟာဗန္ဓုလလမ်းရွှေဥရတနာရွှေဆိုင်ဒေါ်ရွှေဥ (ခ) ဒေါ်နုနုဝေ မိသားစု၏ ဓမ္မပူဇာသဘင်ကို ဖေဖော်ဝါရီ ၂၄ ရက်နှင့် ၂၅ ရက်တွင် ဓမ္မစေတီ ဆရာတော် အရှင်ကောသလ္လ၊ ၂၆ ရက်တွင် ဒေါက်တာ အရှင်ဉာဏိသရ၊၂၇ ရက်တွင် အရှင်ခေမာသိရီ လင်္ကာရ ဆရာတော်တို့က ညစဉ် ၇နာရီတွင် တရားတော်များ ဟောကြားမည် ဖြစ်သည်။ **(က-ပ)**

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် အများပြည်သူများအား ပြသရန် လေ့ကျင့်ထားသော ဆင်ငယ်လေးများ ပြကွက်ကို ကြည့်ရှုစစ်ဆေးစဉ်။ (သစ်တောရေးရာ)

လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိသင်တန်းဖွင့် ဝန်ကြီးဗိုလ်ချုပ်စိန်ထွား တက်ရောက်အမှာစကားပြောကြား

ရန်ကုန် ဖေဖော်ဝါရီ ၂၁

လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွားသည် ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်းရှိ လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်း၌ ဖွင့်လှစ်သော လူမှုဝန်ထမ်းဦးစီးဌာန ဦးစီးအရာရှိများ သင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ **(အပေါ်ပုံ)**

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့်၊ အထူးအရာရှိ ဗိုလ်မှူးချုပ်သူရစိန်သောင်း၊ လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစစ်မြိုင်၊ မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကိုကိုလှိုင်၊ လူမှုဝန်ထမ်း ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဘိုးသန်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ကြည့်ရှုစစ်ဆေး

အဆိုပါ သင်တန်းသို့ လူမှုဝန်ထမ်းဦးစီးဌာနအောက်ရှိ ပြည်နယ်နှင့် တိုင်းများ၊ သင်တန်းကျောင်း၊ ဌာနငယ်များမှ ဦးစီးအရာရှိများ တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လခွဲကြာမြင့်မည်ဖြစ်သည်။

သင်တန်းဖွင့်ပွဲအပြီးတွင် ဝန်ကြီးနှင့်အဖွဲ့သည် လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းရှိ စာသင်ခန်းများ၊ အိပ်ဆောင်များနှင့် မသန်စွမ်း သက်ကြီးသင်တန်းကျောင်းရှိ စာသင်ဆောင်များကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းမှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဗျူဟာသွေးလှူဒါန်းပွဲ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ်တွင် ဒါနဥပပါရမီစိန်ရတုသွေးလှူဒါန်းပွဲကို ဖေဖော်ဝါရီ၂၇ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် ပြုလုပ်မည်ဖြစ်၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်မှ ပုဂ္ဂိုလ်များ၊အလှူရှင်များ ပံ့ပိုးကူညီမှုဖြင့် ကျင်းပ၍ နံနက် ၈နာရီ၌ အရှင်သီရိန္ဒာဘိဝံသ (ယော) ဆရာတော်ကဒါနဥပပါရမီအကြောင်း တရားချီးမြှင့်မည်ဖြစ်သည်။

သွေးလှူရှင်များသည် ဖေဖော်ဝါရီ ၂၆ရက် နံနက်၇နာရီမှစ၍ ကြိုတင်စာရင်းပေး၍ အသိအမှတ်ပြုကတ်ပြား ရယူကြရန်နှင့် ဖုန်း-၃၇၀၉၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (၃၅၂)

စာမျက်နှာ ၁၀ ဆောင်းပါးမှအဆက်

လျက် စာပေဒါန၊ ပညာဒါန ဝေငှနေသည်ကိုပါ ဝမ်းမြောက်စွာ မြင်တွေ့နေရပါကုန်၏။ ဥပမာ ရတနာစည် အရှင်အကုံရာနန္ဒ ကိုယ်ပိုင်စာကြည့်တိုက်၊ လှိုင်လင်မြို့ ရပ်ကွက်(၄)မြတ်ဓမ္မ ကိုယ်ပိုင်စာကြည့်တိုက်၊ ဟေမန်ဦး ကိုယ်ပိုင်စာကြည့်တိုက် စသည်တို့ ဖြစ်ပါကုန်၏။

အလှူမျှော်မင်းကို အကြောင်းပြုကာ အလင်းမျှော်ခေါင်ဖြစ်သော ဉာဏ်ရည်အလင်းတို့ လောကကို ထွင်းဖောက် လောကုတ္တရာအရောက် ဖြန့်ကြက်နိုင်ရန် စာကြည့်တိုက်များ၊ ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ၊ ကိုယ်ပိုင်(အခမဲ့) စာကြည့်တိုက်များ တိုးပွားအောင် အားပေးကြရမည်ဖြစ်သကဲ့သို့ ရေရှည်တည်တံ့ခိုင်မြဲနေစေရန်အတွက်ပါ ဝိုင်းဝန်းကြိုးပမ်းနေကြရမည် ဖြစ်ပါသည်။

(င)

နေ၏အလင်းသည် နေ့ခင်း၌သာ လင်းနိုင်၏။
လ၏အလင်းသည် ညခင်း၌သာ လင်းနိုင်၏။
မီး၏အလင်းသည် လောင်စာရှိခိုက်သာ လင်းနိုင်၏။

ဉာဏ်ပညာအလင်းကား ရင်တွင်းနှလုံးရည်အဖြစ် ထာဝရတည်ကာ ပိုမိုတောက်ပစွာ မဂ်ပညာ၊ ဖိုလ်ပညာအလင်းအထိ ဆောင်ကြဉ်းနိုင်သောကြောင့် အလှူမျှော်မင်း အလင်းမျှော်ခေါင် လွှမ်းနေအောင် ဖွဲ့ဆောင်အားမြှင့်နေကြရမည် ဖြစ်ပါသတည်း။ ။

သစ်ဆိပ်များနှင့် တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၂၁

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သိန်းအောင်သည် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် အလုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း သစ်လုံးရောင်းဌာနစု (၃) သို့လည်းကောင်း၊ ကန်-၃ သစ်ဆိပ်သို့လည်းကောင်း၊ အောင်ဇေယျသစ်ဆိပ်သို့လည်းကောင်း၊ ဘုရင့်နောင်သစ်ဆိပ်သို့လည်းကောင်း ရောက်ရှိပြီး လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ခံများက လိုက်လံရှင်းလင်းပြသကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ရန်ကုန်တိုင်း သစ်တောဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ရုံးလုပ်ငန်း ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးသည်။ ထိုမှတစ်ဆင့် ပုဇွန်တောင်မြို့နယ်ရှိ စက်ဆန်းသစ်ဆိပ်၌ လစဉ် တင်ဒါဖြင့်ရောင်းချမည့် သစ်ပုံများ အတန်းစားခွဲခြားသတ်မှတ်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် တိရစ္ဆာန်နှင့် ပန်းဥယျာဉ် (ရန်ကုန်) သို့ ရောက်ရှိပြီး အများပြည်သူများအား ပြသရန် ဇာတ်တိုက်လေ့ကျင့်ထားသော ခွေးလိမ္မာများပြကွက်၊ မြွေအက ပြကွက်၊ ဆင်ငယ်လေးများပြကွက် စသည့် ပြကွက်အသစ်များကို ကြည့်ရှုအားပေးပြီး ဥယျာဉ်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဒုလ္လဘရဟန်းခံ ရှင်ပြုပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မော်လမြိုင်မြို့ ဈေးချိုတောင်ဝိုင်းရပ် ဓမ္မရက္ခိတစာသင်တိုက် (၆)ကြိမ်မြောက် စုပေါင်း ဒုလ္လဘရဟန်းခံ ရှင်ပြု၊ သီလရှင်ဝတ်ပွဲကို ၁၃၆၆ခုနှစ် တပေါင်းလပြည့်ကျော် ၉ရက် (ဧပြီ ၂ရက်) စနေနေ့ မွန်းလွဲ၂နာရီတွင် ကျင်းပမည်ဖြစ်ရာ မည်သူမဆို နယ်လှည့်သာသနာပြု ဓမ္မကထိက လူမှုထူးချွန် (ပထမဆင့်) ဆရာတော်ချင်းတွင်း အရှင်ကလျာဏထံတွင် မတ်၂၅ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်ထောင်စု မိုးလုံလေလုံအားကစားရုံ အဆောက်အအုံ ရတနာအုတ်မြစ်စီမင်္ဂလာနှင့် လားရှိုးမြို့ သိန်းထိုက်အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်နှင့် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းတို့ ဘိန်းအစားထိုးသီးနှံ ဆင်းရွှေလီစပ်မျိုးစပါးနှင့် စပ်မျိုးပြောင်းမျိုးစေ့များကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ရန်ကုန် ဖေဖော်ဝါရီ ၂၁

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် ပြည်ထောင်စု မိုးလုံလေလုံအားကစားရုံ အဆောက်အအုံ ရတနာအုတ်မြစ်စီမင်္ဂလာအခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၇နာရီခွဲက လားရှိုးမြို့အမှတ် (၁၀)ရပ်ကွက်ရှိ အဆိုပါပြည်ထောင်စု မိုးလုံလေလုံအားကစားရုံ အဆောက်အအုံဆောက်လုပ်မည့်နေရာ၌ကျင်းပရာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ပတ္တမြားရတနာအုတ်မြစ်ကို အုတ်မြစ်တော်အလယ်ဗဟို၌ ထည့်သွင်းမြှုပ်နှံပေးသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် ရှေးဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက မိုးလုံလေလုံ အားကစားရုံတည်ဆောက်ခြင်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ ပြည်ထောင်စုမိုးလုံလေလုံအားကစားရုံ တည်ဆောက်ရေး တာဝန်ခံ အေးရှားဝေါလ်ကုမ္ပဏီမှ အင်ဂျင်နီယာ ဦးတင်ကိုကိုက မိုးလုံလေလုံ အားကစားရုံတည်ဆောက်မည့် အစီအစဉ်များနှင့် စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် ပြည်ထောင်စုမိုးလုံလေလုံ အားကစားရုံ တည်ဆောက်ရေးအတွက် ပြည်နယ်အားကစားရန်ပုံငွေမှ ငွေကျပ်သိန်း၃၀၀ကို ရှမ်းပြည်နယ် (မြောက်ပိုင်း) အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် အားကစားရန်ပုံငွေမှ ငွေကျပ်သိန်း ၂၀၀ကို ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က လည်းကောင်း၊ ဦးကျော်မြင့်(ကျားခေါင်းဘိလပ်မြေ)မှ ငွေကျပ်သိန်း ၂၀ကို လည်းကောင်း၊ ဦးစောပိုင်(ဘိလပ်မြေ)၊ ဦးသိန်းမြင့် ငွေရည်ပုလဲကုမ္ပဏီ၊ ဦးမောင်မြင့် (မောကိန္နရီဘိလပ်မြေစက်ရုံ)၊ ဦးမောင်ဝင်း (ရွှေမြင်းနှစ်ကောင် ဓာတ်ခဲစက်ရုံ)နှင့် ဦးလောထယ် (ရထိုက်ကုမ္ပဏီ)တို့က ငွေကျပ်၁၀သိန်းစီကို လည်းကောင်း စုစုပေါင်းအလှူငွေကျပ်သိန်း၅၇၀ကို အသီးသီးပေးအပ်လှူဒါန်းကြရာ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ထည့်သွင်းမြှုပ်နှံပေး

ထို့နောက် မင်္ဂလာအချိန် ကျရောက်သည်နှင့် တစ်ပြိုင်နက် ရတနာအုတ်မြစ်တော် အလယ်ဗဟိုတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်က ပတ္တမြားရတနာအုတ်ကို ထည့်သွင်းမြှုပ်နှံပေးပြီး ဆက်လက်၍ ဝန်ကြီးဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် အဖွဲ့ဝင်များက နေ့နံအလိုက် ရတနာအုတ်မြစ်တော်များကို ထည့်သွင်းမြှုပ်နှံပေးကြသည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးဗိုလ်ချုပ်မြင့်လှိုင်၊ ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်နှင့် အဖွဲ့ဝင်များသည် ရေဝေစမ်းကျေးရွာအနီးရှိ ရှမ်းပြည်နယ် (မြောက်ပိုင်း)ရဲတပ်ဖွဲ့ ဆင်းရွှေလီ အထူးအထွက်တိုးစပါး တစ်ဧက တင်း၂၀၀ စိုက်ခင်းနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း) ရဲတပ်ဖွဲ့၏ အရည်အသွေးကောင်းမွန်သော အထူးအထွက်တိုးစပါး ဆင်းရွှေလီမွှေး(ဆန်မွှေး) စိုက်ခင်းသို့ ရောက်ရှိကြသည်။

ထို့နောက် စိုက်ခင်းရှိ ရှင်းလင်းဆောင်၌ ဒုတိယဗိုလ်မှူးကြီးကျော်ရွှေက ရှမ်းပြည်နယ်(မြောက်ပိုင်း)၌ ဒေသဝမ်းစာဖူလုံမှုနှင့် ဆန်စပါးစိုက်ပျိုးမှု အခြေအနေနှင့် စပ်လျဉ်း၍လည်းကောင်း၊ ပြည်နယ်ရဲတပ်ဖွဲ့ တွဲဖက်ပြည်နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က ဆင်းရွှေလီအထူးအထွက်တိုးစပါးနှင့် ဆင်းရွှေလီမွှေး (ဆန်မွှေး)စိုက်ပျိုးဖြစ်ထွန်းမှုနှင့်စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က ဒေသဝမ်းစာစပါး ပိုလျှံထွက်ရှိမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းနှင့် ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် အောင်သိန်းတို့က ပြည်သူများကပါ ပူးပေါင်းပါဝင် စိုက်ပျိုးခဲ့သဖြင့် ယခုကဲ့သို့ အောင်မြင်မှုများ ရရှိလာခြင်းဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)ရဲတပ်ဖွဲ့၏ အောင်မြင်ဖြစ်ထွန်းလျက်ရှိသည့် ဆင်းရွှေလီအထူးအထွက်တိုး နွေစပါးစိုက်ခင်းနှင့် ဆင်းရွှေလီမွှေး (ဆန်မွှေး)နွေစပါးစိုက်ခင်းကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် နံနက် ၉နာရီတွင် လားရှိုးမြို့ အမှတ်(၆)ရပ်ကွက် ကြာဖြူလမ်းနှင့် သုခလမ်းထောင့်တွင် တည်ဆောက်ပြီးစီးသွားသည့် သိန်းထိုက်အဆင့်မြင့် ရုပ်ရှင်ရုံသစ် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ပြီး အမှာစကား ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် သိန်းထိုက် အဆင့်မြင့်ရုပ်ရှင်ရုံသစ်အား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဘိုကြည်၊ သိန်းထိုက် အဆင့်မြင့်ရုပ်ရှင်ရုံ အုပ်ချုပ်မှုဒါရိုက်တာ ဦးလောထယ်နှင့် သီတာအေးရုပ်ရှင်ရုံမန်နေဂျင်းဒါရိုက်တာ ဦးသိန်းအောင်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ထို့နောက် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက သိန်းထိုက် အဆင့်မြင့်ရုပ်ရှင်ရုံ ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက်ဖွင့်ပွဲအခမ်းအနားကို အဆိုပါ ရုပ်ရှင်ရုံ မြေညီထပ်ရှိခန်းမ၌ ကျင်းပရာ ရှေးဦးစွာတိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်က အမှာစကားပြောကြားသည်။

ယင်းနောက်ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းက အမှာစကားပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာနအနေနှင့် ပြည်သူများအား ပြန်ကြားပေးရန်၊ အသိပညာပေးရန်နှင့် ပြည်သူများအပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေပေးရန်စသည့် လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်းပြည်ပမှ ပြည်သူများသိသင့်သိထိုက်သော သတင်းများကို ပြည်သူများ အချိန်နှင့်တစ်ပြေးညီ သိရှိအောင် ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာပေးရေးလုပ်ငန်းများကို နယ်စပ်ဒေသကျေးရွာများအထိ ပြည်သူများ အသိပညာပေးရန်အတွက် ကျေးလက်စာကြည့်တိုက်များထူထောင်ပေးလျက်ရှိကြောင်း၊ ပြည်သူများအဆင့်မြင့်မြင့်ဖြင့် အပန်းဖြေနိုင်ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယင်းသို့ ပြည်သူများအဆင့်မြင့်မြင့် အပန်းဖြေနိုင်ရေးအတွက် ပုဂ္ဂလိကကဏ္ဍကို တိုးမြှင့်ပြီး အဆင့်မြင့်ရုပ်ရှင်ရုံများ ပြည်နယ်နှင့်တိုင်းများ၌ ပေါ်ထွက်လာအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ဒေသခံပြည်သူများအနေနှင့် ရန်ကုန်မြို့ကြီးနည်းတူ ဤအဆင့်မြင့် ရုပ်ရှင်ရုံသစ်ကြီးလိုပင် ကြည့်ရှု အပန်းဖြေနိုင်ကြပြီဖြစ်ကြောင်းဖြင့် ပြောကြားသည်။

အဆိုပါ သိန်းထိုက်အဆင့်မြင့်ရုပ်ရှင်ရုံသစ်တွင် ကျပ် ၃၀၀တန်း ၁၃၄ခုံ၊ ကျပ်၅၀၀တန်း ခုံ၁၆၀၊ ကျပ် ၇၀၀တန်း ခုံ၆၀နှင့် အထူးတန်း ၁၃ခုံ ပါဝင်ပြီး Simplex ခေတ်မီပြစက်ဖြင့် ရုပ်ရှင်ဇာတ်ကားများ ပြသမည် ဖြစ်သကဲ့သို့ DVD ဇာတ်ကားများကိုလည်း J.B.R အသံစနစ်ဖြင့် ခေတ်မီစွာ ပြသသွားမည်ဖြစ်သည်။

ရုပ်ရှင်ကြည့်သူများ လွယ်လင့်တကူ ဝယ်ယူစားသုံးနိုင်ရန်အတွက် ရုပ်ရှင်ရုံ မြေညီထပ်တွင် စားသောက်ဆိုင်များ ဖွင့်လှစ်ထားကြောင်း သိရသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ဒုတိယတိုင်းမှူးနှင့်အဖွဲ့သည် လားရှိုးမြို့ ပြည်ထောင်စုကန်သာယာ သဘာဝဥယျာဉ် မုခ်ဦးဆိုင်းဘုတ်အသစ် ဖွင့်ပွဲနှင့် ငါးလွှတ်ပွဲ အခမ်းအနားသို့ ရောက်ရှိလာရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

အခမ်းအနားတွင် ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်နှင့် လားရှိုးခရိုင်ဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ပြည်နယ်အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီး ကျော်ရွှေက ပြည်ထောင်စု ကန်သာယာသဘာဝဥယျာဉ် မုခ်ဦးဆိုင်းဘုတ်သစ်အား စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် သဘာဝဥယျာဉ်အတွင်းရှိ ရှင်းလင်းဆောင်သို့ ရောက်ရှိလာရာ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြီးမြင့်က လားရှိုးမြို့နေလူထုအတွက် ရေကန်များမှ ရေဖြန့်ဝေပေးနိုင်နေမှု အခြေအနေများကို မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြရာ တိုင်းမှူးက ဖြည့်စွက်ရှင်းလင်း၍ လိုအပ်သည်များ မှာကြားသည်။

ထို့နောက် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက လားရှိုးမြို့နယ်အတွင်း သားငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မွေးမြူရေး လုပ်ငန်းဆိုင်ရာ အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ပြည်ထောင်စုကန်သာယာ သဘာဝဥယျာဉ် အတွင်းရှိ ရေကန်များအတွင်း ငါးသားပေါက်မျိုးစုံ ကောင်ရေ ငါးသောင်းအား ထည့်သွင်းမွေးမြူပေးကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ ဒုတိယဝန်ကြီးတို့သည် ပြည်ထောင်စုကန်သာယာ သဘာဝဥယျာဉ်အတွင်းရှိ ရေကန်များ၏ ရေသိုလှောင်ထားရှိမှု၊ အရိပ်ရအလှသစ်ပင်ပန်းပင်များ စိုက်ပျိုးထားရှိမှုအခြေအနေများအား ရေကန်ပတ်လမ်းအတိုင်း လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူး ဗိုလ်ချုပ်မြင့်လှိုင်သည် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်းနှင့်အတူ တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီ အထူးအထွက်တိုးစပ်မျိုးစပါး(F.1)သုတေသနစိုက်ခင်းသို့ ရောက်ရှိကြရာ စိုက်ခင်းတာဝန်ခံအရာရှိ ဒုတိယဗိုလ်မှူးကြီးမျိုးချစ်က စိုက်ခင်းအတွင်း မျိုးစေ့ထုတ် သုတေသနစိုက်ခင်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများအား ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဒုတိယဝန်ကြီးတို့သည် စိုက်ခင်းအတွင်းရှိ ဆင်းရတနာစပါးမျိုးစေ့ထုတ်စိုက်ခင်း၊ ကောက်ညှင်းစပါးစိုက်ခင်း၊ ဆင်းရွှေလီ သုတေသနစိုက်ခင်းများကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ဆင်းရွှေလီစပ်မျိုးစပါး (F.1)မျိုးစေ့သန့်စင် ထုပ်ပိုးခြင်းလုပ်ငန်းခွင့်သို့ရောက်ရှိခဲ့ပြီး လုပ်ငန်းခွင်အတွင်း အရှေ့မြောက်တိုင်းစစ်ဌာနချုပ်စိုက်ခင်းများမှ ထွက်ရှိသည့် ဘိန်းအစားထိုးသီးနှံများ၊ ဆင်းရွှေလီစပ်မျိုးစပါး (F.1)နှင့် စပ်မျိုးပြောင်းမျိုးစေ့အိတ်များ သိုလှောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ စခန်းရုံးမိသားစုများ၏ စံပြနှစ်ရှည် မြေပဒေသာပင် ဆင်းရွှေလီ လိုက်ချီးပင် ၁၀၀၀နှင့် သီးညှပ် နေကြာစိုက်ခင်း ရှင်းလင်းဆောင်သို့ ရောက်ရှိခဲ့ပြီး ရှင်းလင်းဆောင်အတွင်း စိုက်ခင်းမှ ထွက်ရှိသည့် ပဲပုပ်နှင့် နေကြာမျိုးစေ့များ၊ ပဲပုပ်မှ ထုတ်လုပ်သော စားသောက်ကုန် ပစ္စည်းများအား လည်းကောင်း၊ ပျိုးခြံအတွင်းရှိ နှစ်ရှည်သီးနှံ ပျိုးပင်များနှင့် အလှပန်းပင်များအားလည်းကောင်း၊ နှစ်ရှည်စိုက်ခင်းအတွင်း လိုက်ချီးပင်များနှင့် သီးညှပ် နေကြာပင်များ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုများကို လည်းကောင်း၊ တိုင်းစစ်ဌာနချုပ်၏ ကော်ဖီပင်ငါးသိန်း၊ မက္ကဒေးမီးယားပင် တစ်သောင်းငါးထောင် စိုက်ပျိုးထားသော ပျိုးဥယျာဉ်အတွင်းသို့ ရောက်ရှိကြပြီး ပျိုးဥယျာဉ်အတွင်း မက္ကဒေးမီးယား မျိုးစေ့များ အသင့်စိုက်ပျိုးနိုင်နေပြီဖြစ်သည့် ပျိုးပင်ကြီးများအဆင့်ထိ အဆင့်ဆင့် ပြုစုပျိုးထောင်ထားရှိမှုနှင့် ကော်ဖီပျိုးပင်များ စနစ်တကျပျိုးထောင်ထားရှိမှု အခြေအနေများကိုလည်းကောင်း၊ နယ်မြေခံတပ်ရင်း၏ နှစ်ရှည် ဆင်းရွှေလီပျားလိမ္မော် ၂ ဒသမ ၇၅ စိုက်ခင်းသို့ ရောက်ရှိကြပြီး စိုက်ခင်းအတွင်း နှစ်နှစ်သားအရွယ် နှစ်ရှည်ဆင်းရွှေလီပျားလိမ္မော်ပင်များတွင် အသီးများဖြင့် ရင့်မှည့်ဖြစ်နေမှု အခြေအနေများနှင့် စိုက်ခင်းအတွင်း ရာသီသီးနှံ ဟင်းသီးဟင်းရွက်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများအားလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးကာ လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ခဲ့ကာ လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တောင်ဥက္ကလာပမြို့နယ် (၁၃)ရပ်ကွက် ဒေဝဒဟကွင်းလမ်းဖွင့်ပွဲကို ဖေဖော်ဝါရီ ၁၂ရက်က ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ မြို့နယ်စည်ပင်လက်ထောက်အုပ်ချုပ်ရေးမှူး ဦးသိန်းဌေး၊ ရပ်ကွက်ဥက္ကဋ္ဌ ဦးဝင်းကြိုင်နှင့် အလှူရှင် ဦးဖလားမင်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (၁၉၂)



အပြည်ပြည်ဆိုင်ရာပိုက်ကျော်ခြင်းပြိုင်ပွဲ ဆက်လက်ကျင်းပ မြန်မာအမျိုးသားအသင်း ထိုင်းအသင်းကိုနိုင်ပြီး ဗိုလ်လုပွဲတက်ရောက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲ ၂၀၀၅ (မြန်မာ) ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းနှင့် ညနေပိုင်းတို့တွင် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးဗိုလ်မှူးချုပ်သူရအေးမြင့်၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် ဦးဆောင်နာယကအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးချစ်ခိုင်နှင့် အမှုဆောင်များ၊ ဖိတ်ကြားထားသူများနှင့် ပိုက်ကျော်ခြင်းအားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ရှေးဦးစွာ နံနက် ၉နာရီမှစ၍ အမျိုးသား၊ အမျိုးသမီး နှစ်ယောက်တွဲ အုပ်စုပတ်လည်ပြိုင်ပွဲ (Men's Double and Women's Regu Event)၁၀ပွဲ ကျင်းပသည်။

မြန်မာဗိုလ်လုပွဲတက်

ထို့နောက် ညနေ၄နာရီတွင်အမျိုးသား နှစ်ယောက်တွဲ ပထမအကြို ဗိုလ်လုပွဲ၌ မြန်မာ(က)အသင်းနှင့် ထိုင်းအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ(က)အသင်းက နှစ်ပွဲ-တစ်ပွဲဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

အမျိုးသမီး နှစ်ယောက်တွဲ ပထမအကြိုဗိုလ်လုပွဲတွင်မြန်မာ(က)အသင်းနှင့် မြန်မာ(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ(က)အသင်းက နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်သွားသည်။

အမျိုးသားနှစ်ယောက်တွဲ ဒုတိယအကြိုဗိုလ်လုပွဲတွင် စင်ကာပူအသင်းနှင့် မြန်မာ(ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာ(ခ)အသင်းက နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ထိုင်းအသင်းဗိုလ်လုပွဲတက်

အမျိုးသမီး နှစ်ယောက်တွဲ ဒုတိယအကြိုဗိုလ်လုပွဲတွင် ထိုင်းအသင်းနှင့် ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ထိုင်းအသင်းက နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့ တက်သွားသည်။

ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၉ နာရီတွင် အမျိုးသားအားကစား ပြိုင်ပွဲရုံ(၁)သုဝဏ္ဏ၌ အမျိုးသား၊ အမျိုးသမီး (Regu Event)ပြိုင်ပွဲများကို ဆက်လက်ကျင်းပမည် ဖြစ်ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံ ကျင်းပလျက်ရှိသည့် အပြည်ပြည်ဆိုင်ရာ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ဒေါ်ဉာဏစာရီမြန်အောင်သီလရှင်စာသင်တိုက် စာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်ကြီး၏ နာယကဆရာကြီးများ ကြီးမှူးကျင်းပသော (၆၁)ကြိမ်မြောက် သဒ္ဓမ္မဇောတိကအောဂမ+သဘာဝနှစ်ဌာန စာမေးပွဲ စာအောင်ဆုနှင်းသဘင် အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် သမိဒ္ဓေါဒယသုခိတာရာမ ဒေါ်ဉာဏစာရီ မြန်အောင်သီလရှင်စာသင်တိုက်၌ ကျင်းပသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီးဒေါ်ခင်သန်းနွဲ့၊ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိန်ထွား၏ဇနီး ဒေါ်ခင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မြဝင်း၏ဇနီး ဒေါ်သန်းသန်းဝင်းနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ အလှူရှင်မိသားစုများ၊ အထူးဖိတ်ကြားထားသည့် ဧည့်ပရိသတ်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်ကပ်လှူဒါန်း

ယင်းနောက် ဆရာတော် သံဃာတော်များအား ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့နှင့် တာဝန်ရှိသူများက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ (၆၁)ကြိမ်မြောက် သဒ္ဓမ္မဇောတိကအောဂမ+သဘာဝနှစ်ဌာန စာမေးပွဲတွင် ဂုဏ်ထူးရ သီလရှင်ဆရာလေး ၁၆ပါးတို့အား ဒုတိယဗိုလ်ချုပ်ကြီးတင်ဦး၏ဇနီး ဒေါ်ခင်သန်းနွဲ့၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးဗိုလ်ချုပ်စိန်ထွား၏ဇနီးဒေါ်ခင်အေးနှင့် တာဝန်ရှိသူများက အောင်လက်မှတ်များ ဆက်ကပ်ကြသည်။ **(သတင်းစဉ်)**

ကာကွယ်ရေးဦးစီးချုပ်(ရေ)တံခွန်စိုက်ဒိုင်းစားပွဲတင်တင်းနစ်ပြိုင်ပွဲဖွင့်ပွဲကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

၂၀၀၅ခုနှစ် ကာကွယ်ရေးဦးစီးချုပ် (ရေ) တံခွန်စိုက်ဒိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ဇေယျာဝတီရေတပ်စခန်း ဌာနချုပ် သီဟသူရထွန်းတင် ခန်းမ၌ကျင်းပရာ ကာကွယ်ရေးဦးစီးချုပ်(ရေ)ကိုယ်စား တနင်္သာရီရေတပ်စခန်းဌာနချုပ် ဌာနချုပ်မှူး ဗိုလ်မှူးကြီးဝင်းရှိန် တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

အဆိုပါအခမ်းအနားသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ရေ) ရန်ကုန်တပ်နယ်နှင့် သန်လျင်တပ်နယ်တို့မှ အရာရှိ စစ်သည်များ၊ မိသားစုဝင်များနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက် အားပေးကြသည်။

ပြိုင်ပွဲတွင် အမျိုးသားအသင်း၁၂ သင်း၊ အမျိုးသမီးအသင်း ၁၂ သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲကို ဖေဖော်ဝါရီ ၂၅ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မန်နေဂျာ ဦးကျော်ကျော်ဌေး 2 in 1 TV Antenna ၏ ထူးခြားချက်များ၊ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ တပ်ဆင်အသုံးပြုပုံကို လက်တွေ့သရုပ်ပြရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

TV Antenna အသစ်ထုတ်လုပ်မှု မိတ်ဆက်ရှင်းလင်းသရုပ်ပြ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

Nibban Electric & Electronics လုပ်ငန်းမှ အဆင့်မြင့်နည်းပညာဖြင့် အသစ် ထုတ်လုပ်လိုက်သော 2 in 1 TV Antenna (New Model) အား မိတ်ဆက်ခြင်းနှင့် ရှင်းလင်းသရုပ်ပြပွဲ အခမ်းအနားကို ယမန်နေ့ ည ၇နာရီက ရန်ကုန်မြို့ ကုန်သည်ကြီးများ ဟိုတယ်၌ ကျင်းပရာ အရောင်းကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Nibban Electric & Electronics လုပ်ငန်း၏ အထွေထွေမန်နေဂျာဒေါက်တာအောင်သိန်းက ထုတ်ကုန်အသစ်ဖြစ်သော 2 in 1 TV Antenna (Model: V-330)အကြောင်း မိတ်ဆက်ရှင်းလင်းပြောကြားပြီး R & D မန်နေဂျာ ဦးကျော်ကျော်ဌေးက 2 in 1 TV Antenna၏ ထူးခြားချက်များ၊ နည်းပညာပိုင်းဆိုင်ရာ အချက်အလက်များ၊ အလုပ်လုပ်ပုံနှင့် တပ်ဆင်အသုံးပြုပုံတို့ကို လက်တွေ့သရုပ်ပြရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ပြန်လည် ရှင်းလင်းတင်ပြသည်။

Nibban Electric & Electronics လုပ်ငန်းသည် နိုင်ငံတကာ အသိအမှတ်ပြု အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှုစနစ် (ISO-9001:2000) လက်မှတ်ရရှိထားပြီးဖြစ်သည်။ ထို့ပြင် သုံးစွဲသူများ၏ လိုအပ် ချက်ဖြစ်သော ပြည်ပသွင်းကုန်အစားထိုး အရည်အသွေးမြင့်မားသည့် TV Antenna များကိုထုတ်လုပ်လျက်ရှိပြီး ဈေး ကွက် ဦးဆောင်လုပ်ငန်းတစ်ခုလည်း ဖြစ်ကြောင်းသတင်းရရှိသည်။**(သတင်းစဉ်)**

မှတ်ပုတီးအရုပ်တော်ပုံနှင့်လိမ်လည်နည်းဝတ္ထုတိုများ စာအုပ်ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဖေဖော်ဝါရီ ၂၁

မြန်မာနိုင်ငံရဲတပ်ဖွဲ့ မှုခင်းကျဆင်းရေးနှင့် ပညာပေးသတင်းထုတ်ပြန်ရေးကော်မတီက မှတ်ပုတီးအရုပ်တော်ပုံနှင့် လိမ်လည်နည်း ဝတ္ထုတိုများ စာအုပ်ကို စီစဉ်ထုတ်ဝေဖြန့်ချိလိုက်သည်။

လူသားတို့၏ ယုံလွယ်မှု၊ လိုချင်တပ်မက်သော လောဘစိတ်ရှိမှုတို့အပေါ် အခြေပြု၍လိမ်လည်မှုကျူးလွန်လိုသော ဒုစရိုက်သမားများက လိမ်လည်မှုအမျိုးမျိုးကို ကျူးလွန်ခဲ့ကြသည်။ လိမ်လည်သူဒုစရိုက်သမားများကြောင့် အေးချမ်းစွာနေထိုင်ကြသော မိဘပြည်သူများအကြား လူမှုဒုက္ခအဖုံဖုံနှင့် ပူဆွေးသောကအဝဝတို့ဖြစ်ပေါ်ကြရပြီး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေလျက်ရှိပါသည်။ ထိုအဖြစ်များမှ ကင်းဝေးစေရန် ပြည်သူကိုကာကွယ်စောင့်ရှောက်နေကြသည့် ဥပဒေဘက်တော်သား ရဲတပ်ဖွဲ့ဝင်များက ပြည်သူ့အကူအညီဖြင့် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ် အရေးယူလျက်ရှိသည်။ ထိုသို့ စုံစမ်းဖော်ထုတ် အရေးယူခဲ့ရသည့် ဖြစ်ရပ်မှန်များအနက်မှ အပြစ်မဲ့ပြည်သူတို့ မကြာခဏခံနေကြရသည့် မရိုးနိုင်သော လိမ်လည်နည်းအမျိုးမျိုးကို ပြည်သူလူထုအား မှုခင်းပညာပေးအဖြစ် သင်ခန်းစာ ရယူနိုင်စေရန်ရည်ရွယ်၍ မှုခင်းကျဆင်းရေးနှင့် ပညာပေးရေး အစီအစဉ်အဖြစ် အတွေ့အကြုံရှိ မှုခင်းစုံထောက်စာရေးဆရာများက မှတ်ပုတီးအရုပ်တော်ပုံနှင့် လိမ်လည်နည်းဝတ္ထုတိုများ စာအုပ်ကို ပြုစုရေးသားထုတ်ဝေလိုက်ခြင်းဖြစ်သည်။ ပန်းချီမောင်မောင်သိုက်၏ မျက်နှာဖုံး ပန်းချီ၊ လူငယ်ပန်းချီဆရာများ၏အတွင်းသရုပ်ဖော်ပုံပေါင်းများစွာဖြင့် ဝေဝေဆာဆာ ဖော်ပြထားပြီး ဖေဖော်ဝါရီလ နောက်ဆုံးပတ်အတွင်း ပြုံးပန်းတစ်ရာစာပေက ဖြန့်ချိလိုက်ကြောင်း သိရသည်။

(က-ပ)

ယဉ်ကျေးမှုအခြေပြုသင်တန်းဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

နွေရာသီကျောင်းပိတ်ရက်များတွင် ကျောင်းသားကျောင်းသူ လူငယ်များကို ရှင်သာမဏေ၊သီလရှင်များ ဝတ်စေကာ ဆဋ္ဌမအကြိမ်ဗုဒ္ဓယဉ်ကျေးမှု အခြေပြုသင်တန်းကို ငါးကျမ်းပြန်ထားဝယ် သာသနာ့ရိပ်သာ၌ စာတွေ့လက်တွေ့ သင်ကြားပို့ချပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ မတ် ၂၀ ရက်မှ ဧပြီ ၁၀ ရက်အထိဖြစ်ပြီး မတ် ၁ ရက်မှစတင်၍ သင်တန်းသားများကို လက်ခံမည်ဖြစ်သည်။

အဆိုပါသင်တန်းသို့ တက်ရောက်လိုသူများ၊ စေတနာရှင် ဓမ္မမိတ်ဆွေ အလှူရှင်များသည် ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် (၁၆/၃)ရပ်ကွက် ငါးကျမ်းပြန် ထားဝယ်သာသနာ့ရိပ်သာ ဖုန်း-၅၇၁၃၁၂ သို့ စာရင်းပေးသွင်း ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မင်္ဂလာဒုံမြို့နယ် အခြေခံပညာ မူလတန်းလွန်ကျောင်း အမှတ်(၁၂) မိဘဆရာအသင်း နှစ်ပတ်လည်နှင့်ပညာရည်ချွန်ဆု ပေးပွဲကို ဖေဖော်ဝါရီ ၁၅ ရက်က ကျင်းပရာ တတိယတန်း စာပေထူးချွန်ဆုရ မောင်စောရန်နိုင်အား ကျောင်းအုပ်ဆရာမကြီး ဒေါ်ကေသွယ်ဝင်းက ဆု ချီးမြှင့်ပေးအပ်စဉ်။ (၃၆၃)

မြို့ ရွာတစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
မြန်မာနိုင်ငံ ပညာရေးသုတေသနအဖွဲ့
ပြည်လမ်း၊ ရန်ကုန်မြို့

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံပညာရေး သုတေသနအဖွဲ့တို့ ပူးပေါင်း၍ တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုကြမည့် ကျောင်းသူ ကျောင်းသားများအတွက် စာမေးပွဲအထောက်အကူပြု မြန်မာစာ ဘာသာ သင်ခန်းစာများကို ဖော်ပြလိုက်ပါသည်။

တက္ကသိုလ်ဝင် စာမေးပွဲ

မြန်မာစာဘာသာ သိကောင်းစရာ

ဒီနေ့ ပို့ချမယ့်အကြောင်းအရာကတော့ **'တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်အကြောင်း သိကောင်းစရာ'**ပဲ ဖြစ်ပါတယ်။ ၂၀၀၄-၂၀၀၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ကျောင်းသားတွေအတွက် အထောက်အကူပြုစေဖို့ ရည်ရွယ်ပြီး ပို့ချပါ့မယ်။

တက္ကသိုလ်ဝင်တန်း မြန်မာစာဘာသာရပ်မှာ မြန်မာသဒ္ဒါအတွဲ(၂) အခန်း(၆) မြန်မာကဗျာ လက်ရွေးစင်၊ မြန်မာစကားပြေ လက်ရွေးစင်နဲ့ ရေသည်ပြဇာတ်တို့ကို ပြဋ္ဌာန်းထားတယ်ဆိုတာ ကျောင်းသား ကျောင်းသူများ အသိပါပဲ။ ဒီပြဋ္ဌာန်းစာတွေကို လေ့လာဆည်းပူးရာမှာ ဂရုပြုသင့်တဲ့ အချက်များကို ဆွေးနွေးပို့ချသွားပါ့မယ်။

မြန်မာသဒ္ဒါ အတွဲ(၂) အခန်း(၆)မှာ မေးခွန်းမှာ အပိုင်းသုံးပိုင်း ပါပါတယ်။ ကျက်မှတ်မှုဆိုင်ရာ၊ နားလည်မှုဆိုင်ရာနဲ့ ကျွမ်းကျင်မှုဆိုင်ရာ အပိုင်းတွေပဲဖြစ်ပါတယ်။ ကျက်မှတ်မှုဆိုင်ရာအပိုင်းမှာ သဒ္ဒါစာအုပ်ထဲက မြန်မာစကားဆိုင်ရာ သိမှတ်ဖွယ်ရာများ အခန်းမှာပါတဲ့ ကျောက်စာ၊ မင်စာ စတဲ့ စာအမျိုးမျိုး၊ အက္ခရာပုံသဏ္ဌာန်နဲ့ ပြောင်းလဲပုံ၊ ဌာန်၊ ကရိုဏ်း၊ ပယတ်၊ မြန်မာပါဠိဆင့်၊ ဝါစင်္ဂနဲ့ဝါကျ အဓိပ္ပာယ်ဖွင့်ဆိုချက်တွေကို လေ့လာကျက်မှတ်ထားရပါ့မယ်။ သာဓကတွေကိုလဲ လိုအပ်သလို ထည့်သွင်းနိုင်ဖို့ ကျက်မှတ်ထားရပါ့မယ်။ 'ကျောက်စာ' တို့ 'သ ပြောင်းလဲပုံ' တို့ ဆိုတာမျိုးမှာ ကျက်ထားတဲ့ အချက်တွေကို စီကာစဉ်ကာ မှတ်သားရုံ လုံလောက်ပါတယ်။ 'ဌာန်'တို့၊ 'နာမ်စား'တို့ဆိုတာမျိုးမှာတော့ ဌာန်ဆိုတာဘာလဲ၊ နာမ်စားဆိုတာဘာလဲဆိုတဲ့ ဖွင့်ဆိုချက်တွေအပြင် ဌာန်ဘယ်နှမျိုးရှိကြောင်း၊ နာမ်စား ဘယ်နှမျိုးရှိကြောင်း သာဓကတွေလဲ လေ့လာထားရပါလိမ့်မယ်။

နားလည်မှုဆိုင်ရာအပိုင်းမှာ သဒ္ဒါဆိုင်ရာ သတ်မှတ်ချက်တွေကို သဘောပေါက်နားလည်အောင် သဒ္ဒါစာအုပ်ထဲက လေ့ကျင့်ခန်းတွေကို လေ့ကျင့်ထားရင် နားလည်သဘောပေါက်မှာ ဖြစ်ပါတယ်။ 'ကြက်ဆင်'ဆိုတဲ့ ပေါင်းစပ်နာမ်မှာ ဘယ်နာမ်က ဘယ်နာမ်ကို အထူးပြုသလဲလို့ စဉ်းစားရင် ကြက်ဆင်ဆိုတာ ဆင်နဲ့တူတဲ့ ကြက်ကို ဆိုလိုကြောင်း သဘောပေါက်ထားပြီး ရှေ့နာမ် 'ကြက်' ကို နောက်နာမ် 'ဆင်'က အထူးပြုကြောင်း မှန်မှန်ကန်ကန် နားလည်ပါလိမ့်မယ်။ 'မောင်ထွန်း'ဆိုတာ အနက်အဓိပ္ပာယ်အရ တစ်ဦးဆိုင်နာမ်ဖြစ်ကြောင်း၊ 'လှခြင်း' ဆိုတာ ဖွဲ့စည်းတည်ဆောက်ပုံအရ ဂုဏ်ရည်ပြနာမ်ဖြစ်ကြောင်း၊ 'သည်'ဆိုတာ ပစ္စုပ္ပန် ကာလပြဝိဘတ် ဖြစ်ကြောင်း၊ 'နှင့်'ဆိုတာ ပုဒ်ဆက် သမ္ဗန္ဓဖြစ်ကြောင်း စသည်ဖြင့် နားလည်အောင် လေ့လာထားရမှာ ဖြစ်ပါတယ်။

ကျွမ်းကျင်မှုဆိုင်ရာအပိုင်းမှာ သဒ္ဒါဆိုင်ရာ သဘောတရားတွေ နည်းနာတွေကို ကျွမ်းကျွမ်း ကျင်ကျင် လက်တွေ့သုံးနိုင်အောင် လေ့ကျင့်ထားရပါ့မယ်။ သဒ္ဒါဆိုင်ရာ သတ်မှတ်ချက်နှင့်အညီ ကွက်လပ်ဖြည့်တာတို့၊ ဝါကျထဲမှာ သုံးပြတာတို့ ပါဝင်ပါတယ်။ ပုံစံပြရရင် 'အလှဆုံး'ဆိုတဲ့ နာမဝိသေသနကို ဝါကျထဲမှာ သုံးမယ်ဆိုရင် 'ဥပရိသတ်ထဲတွင် အလှဆုံး မိန်းကလေးမှာ မြမြဖြစ်သည်'ဆိုတာမျိုး သုံးဖို့ပါပဲ။ လေ့ကျင့်ခန်းအပိုင်းမှာ အဲဒီလိုလေ့ကျင့်ခန်းတွေ ပါပါတယ်။ ကိုယ်ကိုယ်တိုင် လက်တွေ့ကျွမ်းကျင်အောင် လေ့ကျင့်ထားဖို့ လိုပါတယ်။

ခုဆက်လက်ပြီးတော့ မြန်မာကဗျာလက်ရွေးစင်၊ မြန်မာစကားပြေလက်ရွေးစင်နဲ့ ရေသည် ပြဇာတ် စာအုပ်တွေထဲက ဝေါဟာရနဲ့အလင်္ကာ လေ့လာမှုနဲ့ပတ်သက်ပြီး သိကောင်းစရာတွေကို ဆွေးနွေးပါ့မယ်။ ဝေါဟာရလေ့လာရာမှာ ရှေးခေတ်သုံး စာသုံး၊ ပေသုံး ဝေါဟာရတွေကို အဓိပ္ပာယ်ဖွင့်နိုင်အောင် လေ့လာထားရပါ့မယ်။ ပြဋ္ဌာန်းစာအုပ်တွေထဲက ခက်ဆစ်အဓိပ္ပာယ်အတိုင်း တိတိကျကျ ကျက်ထားရမှာပါ။ အဓိပ္ပာယ်ပေးပုံ တိကျဖို့၊ နာမ်ဆိုနာမ်လို၊ ကြိယာဆိုကြိယာလို စသည်ဖြင့် သဒ္ဒါအနေအထားမှန်အောင် ဖွင့်နိုင်ဖို့ ဂရုပြုရပါမယ်။ 'ဘုန်းဟေ့'ဆိုပါစို့။ 'ဘုန်းရှိသော'လို့ နာမဝိသေသနလို ဖွင့်ဖို့ဖြစ်ပါတယ်။ 'ဘုန်းရှိသည်'၊'ဘုန်းရှိခြင်း'လို့ဖွင့်ရင် သဒ္ဒါသဘော မမှန်ပါဘူး။ ပြီးတော့ ကျက်မှတ်ထားတဲ့ အဓိပ္ပာယ်က ပြဋ္ဌာန်းစာအုပ်ထဲက အဓိပ္ပာယ်အတိုင်း ဖြစ်ဖို့လိုပါတယ်။ 'ရွှံ့ရှာ'ကို ပြဋ္ဌာန်းစာထဲမှာ လန့်ထိတ်တယ်ဆိုတဲ့ အဓိပ္ပာယ်နဲ့သုံးထားတာမို့ အဲဒီအဓိပ္ပာယ်မှ မှန်ပါတယ်။ ခုနားလည်နေသလို 'စက်ဆုပ်သည်' ဆိုရင် မမှန်ပါဘူး။

ဒါ့ပြင် ခုခေတ်သုံးနေဆဲ ဝေါဟာရတွေကို ဝါကျဖွဲ့တတ်အောင် လေ့လာထားရပါ့မယ်။ ဝေါဟာရရဲ့ အဓိပ္ပာယ် ထင်ရှားပေါ်လွင်အောင် ဝါကျဖွဲ့ရပါလိမ့်မယ်။ 'လုံ့လ'ကို ဝါကျဖွဲ့ရာမှာ 'လုံ့လ၏အဓိပ္ပာယ်ကို ကျွန်တော် သိပါသည်'လို့ ဝါကျဖွဲ့ရင် လုံ့လအဓိပ္ပာယ် မပေါ်လွင်ပါဘူး။ 'ကျွန်တော်သည် စာမေးပွဲ အောင်မြင်စေရန် လုံ့လထုတ်ရပါမည်' ဆိုတာမျိုး ဝါကျဖွဲ့မှ အဓိပ္ပာယ်ပေါ်လွင်ပါလိမ့်မယ်။

အလင်္ကာတွေလေ့လာရာမှာ ပြဋ္ဌာန်းစာအုပ်တွေထဲက အလင်္ကာတွေကို အမျိုးအမည်နဲ့တကွ လေ့လာထားရပါလိမ့်မယ်။ အဲဒီအလင်္ကာကို ပြဋ္ဌာန်းစာမှာ ဘယ်လိုဆက်စပ်သုံးတယ်ဆိုတာရယ်၊ ဘာကြောင့် အဲဒီ အလင်္ကာ မြောက်တယ်ဆိုတာရယ် လေ့လာထားရမှာဖြစ်ပါတယ်။ အလင်္ကာတစ်ခုကို ပြဋ္ဌာန်းစာနဲ့ ဆက်စပ်လေ့လာမှ အဲဒီ အလင်္ကာရဲ့ အဓိပ္ပာယ်ကို ပြည့်ပြည့်ဝဝနားလည်နိုင်မှာမို့ ဆက်စပ်လေ့လာထားဖို့ လိုပါတယ်။ 'ကဗျာကောင်းကင်' ဆိုတဲ့ ရူပကအလင်္ကာကို ရှင်းပြရမယ်ဆိုရင် အဲဒီကဗျာဟာ 'အနုပညာသည်၏ အားမာန်'ကဗျာထဲက ဖြစ်ကြောင်း၊ ကဗျာနယ်ပယ် ကျယ်ဝန်းပုံနဲ့ဆက်စပ်ပြီး ရေးဖွဲ့ထားတာဖြစ်ကြောင်း ဆက်စပ်ရှင်းပြရပါလိမ့်မယ်။ ပြီးတော့မှ ကဗျာ(အနှိုင်းခံ)နဲ့ ကောင်းကင်(အနှိုင်း)ကို ကျယ်ဝန်းပုံဂုဏ်ရည်ချင်း တူတဲ့အတွက် ထပ်တူပြု ရေးဖွဲ့ထားလို့ ရူပကအလင်္ကာမြောက်ကြောင်း ရှင်းပြရပါမယ်။ ဥပမာ အလင်္ကာဆိုရင်လဲ အနှိုင်းခံနဲ့ အနှိုင်းကို ဘယ်လိုခိုင်းနှိုင်း ထားကြောင်း၊ ဝဏ်ဝုတ္တိအလင်္ကာဆိုရင်လဲ ဘယ်လိုသွယ်ဝိုက်ဖွဲ့ထားကြောင်း၊ အတိသယဝုတ္တိ အလင်္ကာဆိုရင်လဲ ဘယ်လိုအလွန်အကြူးဖွဲ့ထားကြောင်း၊ မြည်သံစွဲ အလင်္ကာဆိုရင်လဲ ဘယ်လိုမြည်သံကို ထည့်သွင်းဖွဲ့ထားကြောင်း ရှင်းပြရမှာ ဖြစ်ပါတယ်။

ကဗျာလက်ရွေးစင်စာအုပ်ထဲက အချက်အလက်တွေကိုလည်း လေ့လာဖို့လိုပါတယ်။ ကဗျာ တစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ ကဗျာစာဆိုအကြောင်း၊ ကဗျာအကြောင်းတွေ၊ ပြီးတော့ ကဗျာတစ်ပုဒ်ချင်းရဲ့ ရေးတဲ့ခေတ်၊ ကဗျာစာဆို၊ ကဗျာအမျိုးအစား၊ ကဗျာရှည်ထဲက ထုတ်နုတ်တာဆိုရင် ထုတ်နုတ်တဲ့ကဗျာနဲ့ ကဗျာထဲက အချက်အလက်တွေကို တိတိကျကျ လေ့လာထားရမှာ ဖြစ်ပါတယ်။ သာဓကပြရရင် တပေါင်းညာကျင် အဲချင်းရဲ့ မိတ်ဆက်အမှာစာမှာ 'လပအဲ' ဆိုတာပါတယ်။ လပအဲဆိုတာ လရောင်ထွန်းပတဲ့အခါ၊ လသာတဲ့ပအခါမှာ သီဆိုရတဲ့ အဲချင်း ဖြစ်ကြောင်း ရှင်းပြထားတယ်။ အဲဒါမျိုးကအစ မှတ်သားရမှာပါ။ ကဗျာရေးတဲ့ခေတ်တို့၊ ကဗျာ အမျိုးအစားတို့၊ ကဗျာစာဆိုအမည်တို့ကိုလဲ မလွဲမမှားအောင် မှတ်သင့်ပါတယ်။ 'ဝိဓူရ သိပ္ပ လူ့ကိစ္စ' ကဗျာကို ကိုးခန်းပျို့ထဲက ထုတ်နုတ်တယ်ဆိုမျိုးလဲ မှတ်ရပါလိမ့်မယ်။

ကဗျာတစ်ပုဒ်ချင်း ရှင်းလင်းဆွေးနွေးနိုင်အောင်လဲ လေ့လာထားရပါ့မယ်။ ကဗျာတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအဖွဲ့၊ ရသ၊ အသိအမြင်ဆိုတာတွေကို ထောင့်စေ့အောင် လေ့လာထားရပါလိမ့်မယ်။ အရေးကြီးတဲ့ အချက်ကတော့ ကဗျာထဲက အချက်အလက်ကို ကိုယ့်စကားနဲ့ ပြန်ရေးပြရတာမျိုး၊ ဒါမှမဟုတ် ကဗျာစာဆိုက ဘယ်လိုဖွဲ့ထားကြောင်း ကဗျာစာဆိုရဲ့ နေရာကနေပြီး ရေးပြရတာမျိုး ကိုယ့်ထင်မြင်ချက်တို့၊ ကိုယ့်ခံစားရတဲ့ ရသတို့ ထည့်ရတာမျိုးတွေကို ကွဲပြားအောင်လေ့လာဖို့ လိုပါတယ်။ ကဗျာစာသား အကိုးအကား ထည့်သွင်းနိုင်ဖို့လဲ ကျက်မှတ်ပြင်ဆင် ထားရပါလိမ့်မယ်။

စကားပြေလေ့လာရာမှာလဲ ကဗျာမှာလိုပဲ ဓမ္မဓိဋ္ဌာန် အချက်အလက်တွေကို လေ့လာထားဖို့ လိုပါတယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ မိတ်ဆက်မှာပါတဲ့ စာဆိုအကြောင်း၊ စကားပြေအကြောင်းတွေ၊ စကားပြေတစ်ပုဒ်ချင်း ရေးတဲ့ခေတ်၊ ရေးသူ၊ ထုတ်နုတ်တဲ့ စကားပြေကျမ်းနဲ့ စကားပြေထဲက အချက်အလက်တွေ လေ့လာထားရပါလိမ့်မယ်။ ဆိုပါစို့၊ 'မြန်မာစာအရေးအသား တိုးတက်စေနည်း' စကားပြေမိတ်ဆက်မှာပါတဲ့ ဦးဖေမောင်တင်ဟာ အသက် ၂၄ နှစ်မှာ ပါဠိပါမောက္ခ တာဝန် ထမ်းဆောင်ခဲ့တယ်ဆိုတဲ့ အချက်မျိုးကအစ မှတ်သားရပါလိမ့်မယ်။ စကားပြေရေးတဲ့ခေတ်နဲ့ ရေးသူကိုလဲ မလွဲမှားစေချင်ပါဘူး။ 'အားလပ်သော အချိန်ကလေးများ' စကားပြေကို 'ကမ္ဘာ့မင်တံ' စာအုပ်က ထုတ်နုတ်တယ်ဆိုတာမျိုးလဲ မှတ်သားရမှာပါ။

ဒါ့အပြင် ကဗျာမှာလိုပဲ စကားပြေတစ်ပုဒ်ချင်း ရှင်းလင်းဆွေးနွေးနိုင်အောင်လဲ လေ့လာထားရပါမယ်။ စကားပြေတစ်ပုဒ်ချင်းရဲ့ ရည်ရွယ်ချက်၊ အကြောင်းအရာ၊ အရေးအသား၊ သုတရသ၊ သင်ခန်းစာဆိုတဲ့ အချက်တွေ လေ့လာထားပြီး မေးခွန်းကမေးတဲ့ အချက်တွေကို တိတိကျကျ လေ့လာထားရမှာပါ။ သိင်္ဃသူ့သမီးရဲ့ အလှူမှတ်တမ်းကို ဖော်ပြရတာမျိုးလို စကားပြေ အချက်အလက်ကိုပဲ ဖော်ပြရတာမျိုးရှိသလို 'မိခင်သောက' စကားပြေကို ကရုဏာရသမြောက်တဲ့ စကားပြေဖြစ်ကြောင်း အကြောင်းပြ ဆွေးနွေးရတာမျိုးလဲ ရှိပါလိမ့်မယ်။

ရေသည်ပြဇာတ်ကို လေ့လာရာမှာ စကားစပ်ပုံစံရော အကြောင်းအရာ အချက်အလက်ရော လေ့လာရပါ့မယ်။ စကားစပ်မှာ ပေးထားတဲ့စာပိုဒ်ကို မြင်လိုက်တာနဲ့ ဘယ်အခန်းက ထုတ်နုတ်တယ်၊ ဘယ်သူက ဘယ်သူ့ကို ဘယ်အချိန် ဘယ်နေရာမှာ ဘာအကြောင်းနဲ့ ဆက်စပ်ပြီး ပြောတယ်ဆိုတဲ့ အချက်တွေတန်းစီပြီး မှတ်မိနေအောင် ကျေကျေညက်ညက် လေ့လာထားဖို့ လိုပါတယ်။ ပြဇာတ်အကြောင်းအရာကတော့ ရေသည်ယောကျ်ား၊ ရေသည်မိန်းမ၊ ဥဒယမင်းကြီးဆိုတဲ့ ဇာတ်ဆောင် သုံးယောက်ရဲ့အကြောင်းကို ကိုယ့်စကားနဲ့ကိုယ် ပြန်ရေးတတ်ရင် လုံလောက်ပါပြီ။

စာစီစာကုံးထဲ ထည့်ရေးဖို့ဆိုပြီး အချက်အလက်တွေ အပန်းတကြီး ကြိုတင်ကျက်မှတ်ထားစရာ မလိုပါဘူး။ ကိုယ့်မှာရှိတဲ့ ဗဟုသုတ၊ အတွေ့အကြုံ၊ အတွေးအခေါ်တွေကို ပေးထားတဲ့ ခေါင်းစဉ်နဲ့အညီ မှန်မှန်ကန်ကန်၊ ရှင်းရှင်းလင်းလင်း၊ ပြေပြေပြစ်ပြစ် ရေးနိုင်ရင် စာစီစာကုံးကောင်းတစ်ပုဒ် ဖြစ်လာမှာပါ။

နောက်ဆုံးဆွေးနွေးချင်တာကတော့ စာစီစာကုံးပါပဲ။ ကျောင်းသူ၊ ကျောင်းသားများ စာစီစာကုံး လေ့ကျင့်ရာမှာ ပုံကြမ်းနဲ့လေ့ကျင့်ထားကြလိမ့်မယ်လို့ ထင်ပါတယ်။ ပုံကြမ်းအတိုင်းလိုက်ရေးရင် အနည်းဆုံး ရွက်ကြမ်းရေကျို စာစီစာကုံးတစ်ပုဒ်ဖြစ်ဖို့ စိတ်ချနိုင်ပါတယ်။ အရေးကောင်းရင်တော့ ကောင်းသလောက် ထူးချွန်နိုင်ပါတယ်။ ပုံကြမ်းအတိုင်း လိုက်မရေးရင်တော့ စာစီစာကုံးကောင်းတစ်ပုဒ် ဖြစ်မလာနိုင်ပါဘူး။ အလွတ်ကျက်လာတဲ့ စာစီစာကုံးတွေကို ပြန်အန်ချပြတာမျိုး မဖြစ်အောင် ပုံကြမ်းနဲ့ ရေးခိုင်းတာ ဖြစ်ပါတယ်။ စာစီစာကုံး အလွတ်ကျက်တဲ့အကျင့် ပျောက်အောင်လဲ အထောက်အကူပြုပါလိမ့်မယ်။

စာစီစာကုံးရေးရာမှာ တက္ကသိုလ်ဝင်တန်းဖြေတဲ့ ကျောင်းသားတစ်ယောက်မှာ သူ့အသက်အရွယ်၊ သူ့ပတ်ဝန်းကျင်၊ သူ့လေ့လာမှုအရ ရှိနေမယ်လို့ မျှော်လင့်နိုင်တဲ့ ဗဟုသုတ၊ အတွေးခေါ်တွေကို ထည့်ရေးနိုင်ဖို့လဲ မျှော်လင့်ပါတယ်။ **စာစီစာကုံးထဲ ထည့်ရေးဖို့ဆိုပြီး အချက်အလက်တွေ အပန်းတကြီး ကြိုတင်ကျက်မှတ်ထားစရာ မလိုပါဘူး။ ကိုယ့်မှာရှိတဲ့ ဗဟုသုတ၊ အတွေ့အကြုံ၊ အတွေးအခေါ်တွေကိုပေးထားတဲ့ ခေါင်းစဉ်နဲ့အညီ မှန်မှန်ကန်ကန်၊ ရှင်းရှင်းလင်းလင်း၊ ပြေပြေ ပြစ်ပြစ်ရေးနိုင်ရင် စာစီစာကုံးကောင်းတစ်ပုဒ် ဖြစ်လာမှာပါ**ပဲ။ အချက်အလက်တွေအများကြီး ပွတ်သိပ်ထည့်ပြီး အရေးအသားမကောင်းတဲ့ စာစီစာကုံးမျိုးထက် အချက်အလက် လိုအပ်သလောက်သာ ထည့်သွင်းပြီး အစ၊ အလယ်၊ အဆုံး အစီအစဉ်တကျ ရေးသားတင်ပြတဲ့ စာစီစာကုံးမျိုးက ပိုပြီး အမှတ်ရမှာပါ။ အဲဒီလိုရေးနိုင်အောင် ကြိုးစားအားထုတ်ထားသင့်ပါတယ်။

ကဲ-ဒီလောက်ဆိုရင်တော့ မြန်မာစာ ဘာသာရပ်နဲ့ပတ်သက်ပြီး သိကောင်းစရာတွေ ခြုံငုံမိလောက်ပါပြီ။ ခုဆွေးနွေးခဲ့တဲ့အချက်တွေကို အကျိုးရှိရှိ အသုံးပြုနိုင်ကြပါစေလို့ ဆန္ဒပြုရင်း ပို့ချချက်ကို ရပ်နားလိုက်ပါတယ်။ ။

ကန်ကြီးထောင့်မြို့ မြို့လယ်ကတ္တရာလမ်းမကြီး အဆင့်မြှင့်ခြင်း(ပထမပိုင်း) ဖွင့်ပွဲအခမ်းအနားကျင်းပ

ကန်ကြီးထောင့် ဖေဖော်ဝါရီ ၁၈

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ကန်ကြီးထောင့်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်ခဲ့သည့် မြို့လယ်ကတ္တရာလမ်းမကြီးအဆင့်မြှင့်ခြင်း(ပထမပိုင်း)ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၁ ရက် နံနက်က အဆိုပါလမ်းထိပ် မုခ်ဦးတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိ ဦးစိုးမြင့်က လမ်းလုပ်ငန်းဆောင်ရွက်ပုံအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးတင့်၊ ပုသိမ်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးလှသွင်၊ တိုင်းပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးတင်အောင်မြင့်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။ **(အပေါ်ပုံ)**

အကုန်ကျခံဆောင်ရွက်

အဆိုပါလမ်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၉၂၆၇၅၀၀နှင့် နိုင်ငံတော်ကထောက်ပံ့ငွေကျပ်၃၃၇၃၀၀၀ တို့ဖြင့် အကုန်အကျခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ဒေးဒရဲမြို့နယ် သံဒင်းကျေးရွာ ချောင်းကူးတံတားကို ဇန်နဝါရီ ၂၆ ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးမြတ်စိုး ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသက်အောင်က တံတားတည်ဆောက်မှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ် ပြန်/ဆက်)

နမ့်ခမ်းမြို့နယ်တွင် ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်ဖွင့်

နမ့်ခမ်း ဖေဖော်ဝါရီ ၁၂

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် မိုင်းဝီးဒေသကျေးရွာအုပ်စု ၁၀ အုပ်စုတွင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်ပွဲအခမ်းအနားကို မိုင်းဝီးကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းခန်းမ၌ ဇန်နဝါရီ ၃၀ ရက် နံနက် ၉ နာရီက တစ်ပြိုင်တည်း ကျင်းပသည်။

အဆိုပါစာကြည့်တိုက်များဖွင့်ပွဲတွင် မြို့နယ်ဥက္ကဋ္ဌ ဗိုလ်မှူးအောင်ဇော်လတ်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးဦးဆန်းဝင်းနှင့် မိုင်းဝီးကျေးရွာ ဥက္ကဋ္ဌ ဦးယော်ထုန်နှင့် သက်ဆိုင်ရာကျေးရွာ ဥက္ကဋ္ဌများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ထို့နောက် မြို့နယ်ဥက္ကဋ္ဌက အမှာစကား ပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက စာပေ၏အကျိုးကျေးဇူး၊ စာကြည့်တိုက်အကြောင်း သိကောင်းစရာများကို ဟောပြောဆွေးနွေးကြသည်။

ဆက်လက်၍ ဌာနဆိုင်ရာနှင့် အသင်းအဖွဲ့ အလှူရှင်များက စာအုပ်မျိုးစုံ ၁၄၀၀၊ ဂျာနယ်မျိုးစုံ ၃၈၀ ကို လှူဒါန်းကြရာ ကျေးရွာဥက္ကဋ္ဌများက လက်ခံရယူကြောင်း သိရသည်။

(မြို့နယ် ပြန်/ဆက်)

ဘားအံမြို့နယ် မဲဘောင်-နောင်ပလိန် ကျေးလက်ကျောက်ချောလမ်းဖွင့်

ဘားအံ ဖေဖော်ဝါရီ ၁၅

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် ဘားအံမြို့နယ် မဲဘောင်-နောင်ပလိန် ကျေးလက် ကျောက်ချောလမ်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၀ ရက်က ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

အခမ်းအနားတွင် ဘားအံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး ကိုကိုကြီးနှင့် ကျေးရွာရပ်မိရပ်ဖ ဦးဖောအိတို့က အဆိုပါလမ်းကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

(အောက်ပုံ)

ယခုဖွင့်လှစ်သည့်လမ်းမှာမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ငွေကျပ် ၃၅သိန်းဖြင့် ဆောင်ရွက်ခဲ့ပြီး အရှည်ပေ ၁၅၀၀၊အကျယ်၁၂ပေ ဖြစ်ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကျေးလက် တစ်ခွင် ဖွံ့ဖြိုးစည်ပင်

ချင်းပြည်နယ် စည်ပင်သာယာညွှန်မှူး တီးတိန်မြို့နယ် စည်ပင်လုပ်ငန်းများ စစ်ဆေး

တီးတိန် ဖေဖော်ဝါရီ ၈

ချင်းပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုးဝင်းနှင့် အဖွဲ့သည် ဖေဖော်ဝါရီ ၂ ရက်က တီးတိန်မြို့နယ် စည်ပင်သာယာရေးဆိုင်ရာလုပ်ငန်းများကို ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သော လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ နိုင်ငံတော်ထောက်ပံ့ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော နာရီစင်လမ်း ကတ္တရာခင်းခြင်း အရှည်ပေ ၁၅၅၀၊ အကျယ် ၁၀ပေကို ခွင့်ပြုငွေကျပ် ၂၀ဒသမ ၇၈သိန်းဖြင့် လုပ်ငန်းဆောင်ရွက်မှုနှင့် မြို့သာယာလှပရေး လမ်းဘေး ရေမြောင်းကတ်တုံး ဆောင်ရွက်မှုတို့ကို ကြည့်ရှုစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းဇော်မိုးနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးလွန်ဆန်းတို့က ရှင်းလင်း တင်ပြကြသည်။

စံချိန်စံညွှန်းမီ

ထို့နောက် ညွှန်ကြားရေးမှူးက ကျောက်အရည်အသွေး ပြည့်မီရေး၊ လမ်းအရည်အသွေး ကောင်းမွန်ရေးနှင့် သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေးအတွက် တာဝန်ရှိသူများအား မှာကြား ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ကျုံမနင်းကျေးရွာတွင် ကျေးလက်ဒေသ သောက်သုံးရေရရှိရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆောင်ရွက်လျက်ရှိရာ အလှူရှင် စက်ရေတွင်း တူးဖော်အောင်မြင်မှုကို ဇန်နဝါရီ ၂၃ ရက်က အမှုဆောင်အရာရှိ ဦးသန့်ဇင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်အောင်တို့ ကြည့်ရှုစစ်ဆေးစဉ်။

(မြို့နယ်စည်ပင်)

လပွတ္တာမြို့နယ် ဩဘာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်း ဖွင့်ပွဲကျင်းပ

လပွတ္တာ ဖေဖော်ဝါရီ ၁၄

(၅၈)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် လပွတ္တာမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ခဲ့သော လပွတ္တာမြို့ အမှတ်(၇)ရပ်ကွက် ဩဘာလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၉ရက် နံနက် ၉ နာရီက အဆိုပါလမ်းမုခ်ဦး၌ ကျင်းပသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ဖွင့်ပွဲအခမ်းအနားတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိက ဩဘာလမ်းကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မှုအခြေအနေကို ရှင်းလင်းတင်ပြပြီး မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဦးမျိုးဟန်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

စိတ်ချမ်းမြေ့စွာသွားလာနိုင်

ဩဘာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့က ၂၀၀၄-၂၀၀၅ ခုဘဏ္ဍာရေးနှစ်တွင် အဖွဲ့ရန်ပုံငွေကျပ် ၂၃သိန်းဖြင့် အလျားပေ ၁၀၀၀၊ အကျယ် ၁၂ပေ ဆောင်ရွက်ရာ ခရီးသွားများ စိတ်ချမ်းမြေ့စွာ သွားလာနိုင်ကြကြောင်း သိရသည်။

(နယ်စပ်/စည်ပင်)

ပုသိမ်မြို့တွင်းလမ်းများ ကတ္တရာခင်း

ပုသိမ် ဖေဖော်ဝါရီ ၅

စည်ပင်သာယာရေး ဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့များသည် မြို့ပြစည်ပင်သာယာရေး လုပ်ငန်းများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ၂၀၀၄-၂၀၀၅ ခု ဘဏ္ဍာရေးနှစ်တွင် ပုသိမ်မြို့တွင်း မြေနုလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း အရှည် ၁၀၀၆ပေ ၊အကျယ် ၁၆ပေနှင့် ဘန့်ဘွေးကုန်းလမ်း ကတ္တရာခင်းခြင်း အရှည် ၂၈၂ပေ၊ အကျယ် ၁၆ပေနှင့် ကုန်သည်လမ်းအရှည်ပေ၂၀၀၊အကျယ် ၂၈ပေတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(နယ်စပ်/စည်ပင်)**

အမြို့မြို့ အနယ်နယ် သတင်းများ

ဦးကျော်လင်း-ဒေါ်ဒေစီကျော်လင်း(ဒေစီကျော်လင်း ပွဲထိုင်ဇာ ယုဇနပလာဇာ) မိသားစုက အလှူငွေကျပ်တစ်သိန်းတစ်ထောင်ကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း ၁၆/၂ရပ်ကွက် သဃ်န်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က-ပ)

ပဲနွယ်ကုန်း ရန်အောင်စေတီတော် ဘက်စုံပြုပြင်မည်

အလှူရှင်များ ဆက်သွယ်လှူဒါန်းနိုင်

ပဲနွယ်ကုန်း ဖေဖော်ဝါရီ ၈

ပဲခူးတိုင်း ပဲနွယ်ကုန်းမြို့ သမိုင်းဝင် အတောင်တစ်ရာ အမြင့်ရှိ သုံးလူ့ရန်အောင်စေတီတော်မြတ်အား ပဲခူးမြို့ ကုသလဓမ္မကျောင်းဆရာတော် ဦးကုသလ ဦးဆောင်၍ ထီးတော်အသစ်ကိုတောင်ဥက္ကလာပမြို့နယ်ဓမ္မရာဇာလမ်းနေ ဦးစိန်လွင် ဒေါ်မိုးမိုးသွင်တို့က လည်းကောင်း၊ စိန်ဖူးတော်ကို ရန်ကုန်မြို့ ဦးမောင်မောင်-ဒေါ်ရွှုကြည်(ဂမုန်းပွင့် မိသားစု)တို့က လည်းကောင်း လှူဒါန်းကြပြီး စေတီတော်အား ရွှေသင်္ကန်းကပ်ခြင်း၊ အရံစေတီ ၁၂ဆူအား မွမ်းမံပြုပြင်ခြင်း၊ ရင်ပြင်တော်တိုးချဲ့၍ ကြွေပြားများ ကပ်လှူခြင်းနှင့် အာရုံခံ တန်ဆောင်များ ပြုပြင်ခြင်းစသည့် ဘက်စုံပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ထီးတော်၊ စိန်ဖူးတော် ကပ်လှူပူဇော်ပွဲနှင့် ဘုရားအနေကဇာတင် ပူဇော်ပွဲများ ကျင်းပမည်ဖြစ်ရာ လှူဒါန်းလိုသူများ ဦးကုသလ ကုသလဓမ္မကျောင်း ပဲခူးမြို့၊ ဗိုလ်ကြီးမြင့်ထွေး-ဒေါ်မိုးစန္ဒာမြင့် ရန်ကုန်မြို့ ဖုန်း-၀၁-၂၉၂၀၇၁၊ ၀၉-၅၀-၂၂၅၀၈၊ ဦးဌေးဝင်း ဖုန်း-၀၉-၅၁ ၁၈၁၉၄၊ ဦးရဲထွန်းနိုင် ဖုန်း-၀၉-၅၀-၂၀၁၀၄၊ ဦးငွေသိမ်း ပဲခူးမြို့ ၀၅၂-၂၂၀၃၁၊ ဒေါက်တာ သိန်းထွန်း ပဲနွယ်ကုန်းမြို့ ဖုန်း-၀၅၂-၂၄၄၂၆၊ Ext-၃၅၊ ဒေါက်တာညွှန့်တင် Ext-၂၈၊ ဦးတင်မောင် Ext-၁၀၇နှင့် ဦးမိုးကျော်စွာမြင့် Ext-၁၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကိုယ့်အားကိုယ်ကိုး ကတ္တရာခင်းရန် မန္တလေးမြို့တွင်အလှူငွေပေးအပ်လှူဒါန်းပွဲကျင်းပ

မန္တလေး ဖေဖော်ဝါရီ ၁၅

မန္တလေးချမ်းအေးသာစံမြို့နယ် မောရဂီဝါရပ်ကွက် ၇၃နှင့် ၇၄လမ်း၊ ပထမလမ်းသွယ် ကိုယ့်အားကိုယ်ကိုး ကတ္တရာလမ်းခင်းရန် အလှူငွေပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၀ရက်က မန္တလေးမြို့နယ် စည်ပင် သာယာရေးကော်မတီ လမ်းတံတားဌာနမှူးရုံးခန်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကိုယ့်အားကိုယ်ကိုး လမ်းခင်းရန် အလှူရှင်ဗိုလ်မှူးမောင်လတ်(ငြိမ်း) စိုးစံလေ့ကျင့်ရေးစခန်း (ပြင်ဦးလွင်)က လမ်းခင်းရန်အလှူငွေပေးအပ်ရခြင်းကို ရှင်းလင်းတင်ပြပြီး ဗိုလ်မှူးမောင်လတ်(ငြိမ်း)-ဒေါ်နန်းယဉ်၊ ဦးတင်လတ်၊ ဒေါ်ခင်ပြုံးတင်တို့ကအလှူငွေ၂၄၁၈၅၈၇ကျပ်ကို ဌာနမှူး ဗိုလ်မှူးနေဝင်းထံပေးအပ်ရာ ဌာနမှူးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ လမ်းသွယ်မှာ အရှည်ပေ၆၅၀၊ အကျယ် ၁၆ပေရှိပြီး ကုန်ကျငွေစုစုပေါင်းကျပ်၃၆၂၇၈၈၀ ဖြစ်ပြီး ကျန်ငွေများကို မန္တလေးမြို့နယ်စည်ပင်သာယာရေးကော်မတီက ထည့်ဝင်သုံးစွဲမည်ဖြစ်ကြောင်း သိရသည်။ **(၁၆၂)**

မအူပင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက် လုပ်ငန်း၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲကို မအူပင်မြို့ အခြိကျေးရွာအုပ်စုတွင် ဇန်နဝါရီ ၂၃ရက်က ကျင်းပရာ အလင်းတန်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူးဦးအောင်စိုးနှင့် ကျေးရွာဥက္ကဋ္ဌဦးပန်းစိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(ခရိုင် ပြန်/ဆက်)

သနပ်ပင်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကြီးမှူး

ကျန်းမာရေးပညာပေးဟောပြောပွဲကျင်းပ

သနပ်ပင် ဖေဖော်ဝါရီ ၅

ပဲခူးခရိုင်သနပ်ပင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းကကြီးမှူး ကျင်းပသည့် သနပ်ပင်မြို့ အခြေခံပညာအထက်တန်းကျောင်းက ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးပညာပေးဟောပြောပွဲကို ဇန်နဝါရီ ၃၁ရက်က မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာပေးဟောပြော

အခမ်းအနားတွင်မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ဌေးဌေးက အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးမှူး ဒေါက်တာသန့်ဇင်က ကျန်းမာရေးနှင့် ပတ်သက်၍ အသိပညာပေး ဟောပြောကြကြောင်း သိရသည်။

(အောက်ပုံ) (မြို့နယ် ပြန်/ဆက်)

စိုက်ပျိုး

ပေါက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအေးထွန်းစိုး ဦးဆောင်သော ဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ ဖေဖော်ဝါရီ ၆ရက်က ဗိုလ်ချုပ်လမ်းနှင့် တောင်ဦးကျောင်းလမ်းဘေး ဝဲယာတစ်လျှောက်တွင် လှပရေးအတွက် ပန်းအလှပင်များ စိုက်ပျိုးကြစဉ်။

(မြို့နယ် စည်ပင်)

ချီးမြှင့်

ညောင်တုန်းမြို့နယ် အမှတ်(၁)အခြေခံပညာဦးစီးဌာန နယ်မြေ(၂)ကျောင်း မိသားစုများ၏ ၂၀၀၄-၂၀၀၅ခု ပညာသင်နှစ် မူလတန်းဆင့် ပညာသင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ပွဲကို ဖေဖော်ဝါရီ ၁၁ရက်က ကျင်းပရာ ကျွန်းထိပ်အမကမှ ကျောင်းအုပ်ဆရာမကြီးဒေါ်မြလေးကကျောင်းသူတစ်ဦးအား သင်ယူပြီးမြောက်ခြင်း လက်မှတ်ပေးအပ်ချီးမြှင့်စဉ်။ (၀၉၈)

ရေမြောင်း ဝေရေး ကွင်းဆင်းစစ်ဆေး

ပေါက်တော ဖေဖော်ဝါရီ ၁၂

ရခိုင်ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့် စစ်တွေခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဗိုလ်မှူးတင်ဆန်းတို့သည် ဇန်နဝါရီ ၁၇ ရက်က ပေါက်တောမြို့သို့ သောက်သုံးရေ ဖြန့်ဝေလျက်ရှိသော နတ်တောင်ပြင်ဆည် ဆည်ပေါင်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

မြန်မာ့အသံ

၂၃-၂-၂၀၀၅ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁:၃၅ စက်မှုစွမ်းအား ခေတ်ကျော်လွှား
(ပြည်ပသွင်းကုန်အစားထိုး ဘရိတ်ကလပ်ဆိုင်ရာ အစိတ်အပိုင်းများထုတ်လုပ်မှု)

၁၂:၀၀ မြန်မာ့အနုသဘင်
(ဆရာကြီးဦးဂုဏ်ဘဏ်)

၁၂:၂၅ သူ့အတွေးနှင့် သူ့အရေး
(ရိုတ်သိမ်းချိန်-နေသစ်မှူး)

၁၃:၁၀ ယဉ်ကျေးမှုအနုပညာ
(ကက္ကုပွဲတော်-ဦးမင်းနိုင်)

ညနေပိုင်း

၁၇:၃၀ ခံတွင်းမြိန်စရာသူ့လက်ရာ
(ငါးတန်သားနှင့်လမုသီးချက်)

၁၇:၄၅ သူ့လက်သံလက်စွမ်းပြ
(အဆို၊အက၊အရေး၊အတီးပြိုင်ပွဲ ဆုရ-ရန်ကုန်တိုင်းမှ မစုစုဝင်းမောင်နှင့် ဧရာဝတီတိုင်းမှ မနှင်းနှင်းလှိုင်တို့၏ စောင်းလက်သံ)

၁၈:၄၀ စာအုပ်စာပေလူ့မိတ်ဆွေ
(၁) ယုံချင်ယုံမယုံချင်နေ(စတုတ္ထတွဲ)
(မောင်သိန်းလွင်ပြုစုသည်)
(၂) ကြာဆစ်ကြိုးလေးဆွဲပါစေနှင့် ဝတ္ထုတိုများ
(မောင်စိုးငွေ-သုံးဆယ်)

၁၉:၁၅ Eagle တေးသံသွင်းမှ မေတ္တာလက်ဆောင်ပေးပို့သော အနိုင်၏ ခံစားမှုပြန်ဆိုတေးစု

ချောက်မြို့ မြန်မာ့ရေနံထွက် ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်း ပင်မရေနံသိုလှောင်ဖြန့်ဖြူးရေးဌာနကြီး (၈) အဆင့်တွင် ဖေဖော်ဝါရီ ၇ ရက်က မီးသတ် ဆေးဘူးအမျိုးမျိုး အသုံးပြု၍ မီးဘေးကြိုတင်ကာကွယ်ရေးအတွက်လက်တွေ့ သရုပ်ပြသကြစဉ်။
(မြို့နယ်ပြန်/ဆက်)

ဖေဖော်ဝါရီ ၂၁ ရက်က အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ဆက်လက်ကျင်းပစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာ ရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ပြည်ထောင်စုဥပဒေပြုစာရင်း၌ဖော်ပြပါရှိသင့်သည့် စီမံခန့်ခွဲရေးကဏ္ဍပါကိစ္စရပ်များ ကျိုးကြောင်းဆီလျော်ပြည့်စုံမှုရှိ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် တစ်ပြေးညီဆောင်ရွက်မှ မျှတမှုရှိမည်ဖြစ်၍ ပြည်ထောင်စုအစိုးရကသာဆောင်ရွက်ရမည်

အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အလှည့်ကျသဘာပတိအဖွဲ့ဝင် ဦးထွန်းရင်လော၏ ရှင်းလင်းတင်ပြချက်

ရန်ကုန် ဖေဖော်ဝါရီ ၂၁

ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ယနေ့ ဆက်လက်ကျင်းပသော အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင်ပါဝင်မည့် ဥပဒေပြုရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းအတွက် အသေးစိတ်အခြေခံရမည့်မူများ ချမှတ်နိုင်ရန် အမျိုးသားညီလာခံကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များကို ကောက်နုတ်၍ သဘာပတိအဖွဲ့၏ စုစည်းတင်ပြချက်ကို သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးထွန်းရင်လော၏ **'စီမံခန့်ခွဲရေးကဏ္ဍ'**နှင့်စပ်လျဉ်း၍ တင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။ *စာမျက်နှာ ၆ ကော်လံ ၁ ✻*

သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များအစုအဖွဲ့မှ ဗိုလ်ချုပ်အောင်သိမ်းက 'ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်း'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးယောအေးလှက 'စီမံခန့်ခွဲရေးကဏ္ဍ'နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအလုပ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာမျိုးသန့်တင်က 'လွှတ်တော်အဆင့်ဆင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စု ဦးစီးအဖွဲ့များက ပြဋ္ဌာန်းသည့် ဥပဒေများ၏ အကျိုးသက်ရောက်မှု'နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် တောင်သူလယ်သမားကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမြအေးက 'ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်းဦးစီးအဖွဲ့ သို့မဟုတ် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥပဒေပြုစာရင်းများတွင် ဖော်ပြမထားသော အခြားကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဥပဒေပြုအာဏာခွဲဝေအပ်နှင်းရေး'နှင့် ပြည်ထောင်စုနယ်မြေများအတွက် ဥပဒေပြုခွင့်အာဏာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏ အဖွဲ့ဝင် တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များအစုအဖွဲ့မှ ဦးမောင်လှ(ခ)ဦးလှမြင့်က 'တရားစီရင်ရေးကဏ္ဍ'နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု ဦးစီးအဖွဲ့များ၏ ဥပဒေပြုခွင့်အာဏာတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)

သဘာပတိအဖွဲ့ကိုယ်စား အလှည့်ကျသဘာပတိအဖွဲ့၏အဖွဲ့ဝင် အသိပညာရှင်အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့မှ ဒေါက်တာဦးသိန်းဦးဘိုးစောက 'ဘဏ္ဍာရေးကော်မရှင်ဖွဲ့စည်းခြင်း၊ ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအကြား အခွန်တော်ကောက်ခံခြင်းနှင့် ဘဏ္ဍာငွေခွဲဝေ သုံးစွဲခြင်း'နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြစဉ်။ (သတင်း-ရှေ့ဖုံး) (သတင်းစဉ်)